# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# ပဉ္စမနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | (က) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ (၁-၄-၂၀၁၆) ရက်နေ့ရှိ ဝန်ကြီးဌာနတစ်ခုချင်း၏ ရရန်ရှိသော ကြွေးမြီများနှင့် ပေးရန်ရှိသော ကြွေးမြီများ အခြေအနေကို အများပြည်သူ သိရှိနိုင်ရေး ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်း ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၆ | (ခ) ဦးကျော်တင်၊ ဆော မဲဆန္ဒနယ်၏ ဆောမြို့နယ်တောင်ပိုင်း၊ လောင်းရှည် ကျေးရွာတွင် မိုးကြီးသည်းထန်စွာ ရွာသွန်းပြီး စလင်းချောင်းရေကြီး တိုက်စားမှုကြောင့် ယခုနှစ် ပွင့်လင်းရာသီအမီ ခိုင်ခံ့သည့် ကျောက်စီ ရေကာ(၂)ခု အမြန်ဆုံး တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊ | ၉ |
| ၇ | (ဂ) ဦးကံမြင့်၊ သရက် သရက်မြို့နယ်၊ ရေဖြူကျေးရွာအား ပွန်းချောင်းရေ တိုက်စားမှုကြောင့် ကျေးရွာပျက်စီးမှုအခြေအနေအား ယခုပွင့်လင်းရာသီတွင် သက်ဆိုင်ရာမှ ဆောလျင်စွာ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန် နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၂ |
| ၈ | (ဃ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ နိုင်ငံတကာလေကြောင်းလိုင်းများမှ မြန်မာနိုင်ငံ ဝေဟင်လေပိုင်နက်များတွင် နေ့စဉ်ဖြတ် သန်းမောင်းနှင် လျက်ရှိသော အပြည်ပြည်ဆိုင်ရာ လေယာဉ်များ အား မည်သည့်ဝန်ကြီးဌာနမှ မည်သည့်ခုနှစ်တွင် စတင်၍ အခွန်မည်မျှ စည်းကြပ်ကောက်ခံပြီး ကောက်ခံရရှိသော အခွန်ဘဏ္ဍာများအား မည်သည့်နေရာများတွင် သုံးစွဲသည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊ | ၁၅ |

| | | |
|---|---|---|
| ၉ | (င) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ နေပြည်တော်-ကျိုင်းတုံ အသွားအပြန် လေယာဉ်ခရီးစဉ်ကို တစ်ပတ်လျှင်အနည်းဆုံး (၁)ကြိမ် ပြေးဆွဲပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၈ |
| ၁၀ | (စ) ဦးလာမာလေး၊ ဆော့လော် မဲဆန္ဒနယ်၏ ဆော့လော်မြို့ပေါ်၌ GSM-MPTဖုန်းလိုင်း၊ ဟန်းကောကျေးရွာအုပ်စုအတွင်းနှင့် WCDMA-MPT ဖုန်းလိုင်း တာဝါတိုင်၊ လန်ဆယ်ကျေးရွာအုပ်စုအတွင်း WCDMA-MPT ဖုန်းလိုင်း တာဝါတိုင်များ တပ်ဆင်ပေးရန် အစီ အစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၂ |
| ၁၁ | ဦးဝင်းအောင်၊ မိုးမောက် မဲဆန္ဒနယ်က မြန်မာနိုင်ငံအတွင်းရှိ ထီထိုးသူ ပြည်သူလူထုများ အဆင်ပြေစေရန်၊ ဆင်းရဲမွဲတေမှု ပပျောက်ရေးနှင့် မှုခင်းလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသော အောင်ဘာလေထီရောင်းရငွေ၏ အခွန် ၄၀ % မှ ၁၀ % အား အောင်ဘာလေ သိန်းထီဆုအဖြစ် ထည့်သွင်းပေးပြီး ထီရောင်းရငွေမှ အခွန်ငွေ ၃၀%သာ ကောက်ခံသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊ | ၂၆ |
| ၁၂ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၃၂ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## ပဉ္စမနေ့ အစီအစဉ်

## [ ၇–၂–၂၀၁၇ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **(၁–၄–၂၀၁၆) ရက်နေ့ရှိ ဝန်ကြီးဌာနတစ်ခုချင်း၏ ရရန်ရှိသော ကြွေးမြီများနှင့် ပေးရန်ရှိသော ကြွေးမြီများ အခြေအနေကို အများပြည်သူ သိရှိနိုင်ရေး ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်တင်၊ ဆော မဲဆန္ဒနယ်၏ **ဆောမြို့နယ်တောင်ပိုင်း၊ လောင်းရှည်ကျေးရွာတွင် မိုးကြီးသည်းထန်စွာ ရွာသွန်းပြီး စလင်းချောင်းရေကြီးတိုက်စားမှုကြောင့် ယခုနှစ် ပွင့်လင်းရာသီအမီ ခိုင်ခံ့သည့် ကျောက်စီရေကာ(၂)ခု အမြန်ဆုံး တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **သရက်မြို့နယ်၊ ရေဖြူကျေးရွာအား ပွန်းချောင်းရေတိုက်စားမှုကြောင့် ကျေးရွာပျက်စီးမှုအခြေအနေအား ယခုပွင့်လင်းရာသီတွင် သက်ဆိုင်ရာမှ ဆောလျင်စွာ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **နိုင်ငံတကာလေကြောင်း လိုင်းများမှ မြန်မာနိုင်ငံ ဝေဟင်လေပိုင်နက်များတွင် နေ့စဉ်ဖြတ်သန်းမောင်းနှင် လျက်ရှိသော အပြည်ပြည်ဆိုင်ရာ လေယာဉ်များအား မည်သည့် ဝန်ကြီး ဌာနမှ မည်သည့်ခုနှစ်တွင် စတင်၍ အခွန်မည်မျှ စည်းကြပ် ကောက်ခံပြီး ကောက်ခံရရှိသော အခွန်ဘဏ္ဍာများအား မည်သည့် နေရာများတွင် သုံးစွဲသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ **နေပြည်တော်–ကျိုင်းတုံအသွားအပြန် လေယာဉ်ခရီးစဉ်ကို တစ်ပတ်လျှင်အနည်းဆုံး (၁)ကြိမ် ပြေးဆွဲ ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးလာမာလေး၊ ဆော့လော် မဲဆန္ဒနယ်၏ **ဆော့လော်မြို့ပေါ်၌ GSM-MPT ဖုန်းလိုင်း၊ ဟန်းကောကျေးရွာအုပ်စုအတွင်းနှင့် WCDMA-MPT ဖုန်းလိုင်း တာဝါတိုင်၊ လန်ဆယ်ကျေးရွာအုပ်စုအတွင်း WCDMA-MPT ဖုန်းလိုင်း တာဝါတိုင်များ တပ်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ**နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးဝင်းအောင်၊ မိုးမောက် မဲဆန္ဒနယ်က **“မြန်မာနိုင်ငံအတွင်းရှိ ထီထိုးသူ ပြည်သူလူထုများ အဆင်ပြေစေရန်၊ ဆင်းရဲမွဲတေမှု ပပျောက်ရေးနှင့် မူခင်းလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသော အောင်ဘာလေထီရောင်းရငွေ၏ အခွန် ၄၀ % မှ ၁၀ % အား အောင်ဘာလေ**

**သိန်းထီဆုအဖြစ် ထည့်သွင်းပေးပြီး ထီရောင်းရငွေမှ အခွန်ငွေ ၃၀%သာ ကောက်ခံသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

## (သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# ပဥ္စမနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
## (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၁၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌွေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးသောင်းဌွေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၄ ရက်၊

(၂) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၂ ရက်၊

(၃) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊

(၄) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၅) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၆) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၄ ရက်၊

(၇) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း ခွင့် ၈ ရက်၊

(၈) မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ခွင့် ၁ ရက်၊

(၉) ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ခွင့် ၁ ရက်၊

(၁၀) အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ခွင့် ၁ ရက်နှင့်

(၁၁) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းလှသိန်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၈ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၁ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေ အနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြု မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**(၁-၄-၂၀၁၆) ရက်နေ့ရှိ ဝန်ကြီးဌာနတစ်ခုချင်း၏ ရရန်ရှိသော ကြွေးမြီများနှင့် ပေးရန်ရှိသော ကြွေးမြီများအခြေအနေကို အများပြည်သူသိရှိနိုင်ရေး ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို မေးရတဲ့ရည်ရွယ်ချက်က ရွေးကောက်ခံအစိုးရသစ် စတင်တာဝန်ထမ်းရတဲ့ ၁-၄-၂၀၁၆ ရက်နေ့မှာရှိတဲ့ နိုင်ငံရဲ့ ယန္တရား၊ ဝန်ကြီးဌာနတစ်ခုချင်းရဲ့အခြေအနေမှန်ကို အများပြည်သူတွေ သိစေချင်တဲ့ဆန္ဒကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို မမေးခင် ၁၆-၈-၂၀၁၆ ရက်နေ့ကလည်း နိုင်ငံခြားကို ပေးဆပ်ရမည့်ကြွေးမြီကိစ္စ မေးမြန်းခဲ့ဖူးပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေက နိုင်ငံတစ်နိုင်ငံရဲ့ ယန္တရားတွေဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ မော်တော်ယာဉ်တစ်စီးနဲ့တူပါတယ်။ လိုရာပန်းတိုင်ကို အန္တရာယ်ကင်းကင်းနဲ့ လျင်လျင်မြန်မြန်အရောက်သွားနိုင်ဖို့ဆိုတာ မော်တော်ယာဉ်ရဲ့လက်ကိုင်ကို ထိန်းနိုင်ရုံနဲ့ မလုံလောက်ပါဘူး။ ကားရဲ့ ယန္တရားအစိတ်အပိုင်းတွေဖြစ်တဲ့ ကားကိုယ်ထည်ကြံ့ခိုင်မှု၊ အင်ဂျင်ကောင်းမွန်မှု၊ Joint (အဆက်)တွေ ခိုင်ခံ့မှု၊ လောင်စာဆီ၊ အင်ဂျင်ဝိုင်တွေ ပြည့်ပြည့်ဝဝသုံးစွဲနိုင်မှု၊ ကားဘီး၊ ကားတာရာတွေကောင်းမွန်မှု၊ မူလီနတ်တွေ ပြည့်ပြည့်စုံစုံရှိမှု စတဲ့ အခြေခံကောင်းတွေ ပြည့်စုံရမယ့်အပြင် ဘယ်လိုအခြေအနေမှာ ဘယ်လိုအရှိန်နဲ့ မောင်းနှင်ရမလဲဆိုတာ သိရှိနားလည်ပြီးတော့ ဘရိတ်၊ လီဘာ၊ ဂီယာ စတာတွေကိုလည်း ကျွမ်းကျွမ်းကျင်ကျင်

ကိုင်တွယ်နိုင်မှ လိုချင်တဲ့ပန်းတိုင်ကို အန္တရာယ်ကင်းကင်းနဲ့ လျင်လျင်မြန်မြန်အရောက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဒီလို သဘောနဲ့တူတဲ့ နိုင်ငံရဲ့ယန္တရား ဝန်ကြီးဌာနအဖွဲ့အစည်းအသီးသီးရဲ့ ကြံ့ခိုင်မှုက ရရန်ရှိတဲ့ကြွေးမြီနဲ့ ပေးရန်ရှိတဲ့ ကြွေးမြီတွေအခြေအနေအပေါ်မှာ မူတည်ပါတယ်။

ဝန်ကြီးဌာနအသီးသီးရဲ့ ရရန်ရှိတဲ့ အကြွေးနဲ့ ပေးရန်ရှိတဲ့အကြွေးတွေနဲ့ပတ်သက်ပြီး ပြည်သူ့ငွေစာရင်းကော်မတီဝင်တွေ၊ လွှတ်တော် ကိုယ်စားလှယ်တွေအနေနဲ့ နိုင်ငံရဲ့အခြေအနေမှန်ကို မျက်ခြေမပြတ်လေ့လာစောင့်ကြည့်နိုင်ဖို့ လိုပါတယ်။ ဘယ်ဝန်ကြီးဌာနတွေမှာ ရရန်ရှိတဲ့ကြွေးမြီ အများဆုံးကျန်နေလဲ။ ဘာကြောင့် ရစရာရှိတာတွေ များနေရတာလဲ။ ဘယ်လိုနည်းလမ်းတွေနဲ့ အပြည့် အဝရအောင် ဆောင်ရွက်သင့်လဲ။ ပေးစရာရှိတဲ့ကြွေးမြီတွေအနေနဲ့လည်း ဘယ်ဝန်ကြီးဌာနတွေမှာ အများဆုံးကျန်ရှိနေလဲ။ ဘာကြောင့် ပေးစရာတွေများနေရတာလဲ။ ဘယ်လိုနည်းလမ်းတွေနဲ့ ရှာဖွေ ပေးဆပ်ဆောင်ရွက်သင့်လဲ။ ရစရာရှိတာနဲ့ ပေးစရာရှိတာ တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်မှု ဘယ်လိုရှိမလဲ။ ပေးစရာရှိတာနဲ့ ရစရာရှိတာတွေ ခုနှိမ်ရှင်းလင်းမယ်ဆိုရင် ပိုပြီးရလာနိုင်မယ့်ငွေ ဒါမှမဟုတ် ပေးဆပ်စရာရှိမယ့်အခြေအနေတွေအပေါ် ဘယ်လိုနည်းလမ်းတွေနဲ့ ရှင်းလင်းဆောင်ရွက် သင့်လဲ စတဲ့ အကြံဉာဏ်တွေ၊ တင်ပြဆွေးနွေးမှုတွေ၊ ဝေဖန်အကြံပြုချက်တွေ ဆောင်ရွက်နိုင်စေဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းက တော့ ဝန်ကြီးဌာနတစ်ခုချင်း ပေးရန်ကျန်ရှိတဲ့ကြွေးမြီနဲ့ ရရန်ကျန်ရှိတဲ့ကြွေးမြီတွေနဲ့ပတ်သက်ပြီး ၃၁-၃-၂၀၁၆ ရက်နေ့မှာ ကျန်ရှိနေတဲ့ အခြေအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းမှာ ဝန်ကြီးဌာန များအနေနဲ့ ရရန်ရှိတဲ့ကြွေးမြီတွေကို ဘယ်လိုစီမံချက်တွေနဲ့ရနိုင်အောင်ဆောင်ရွက်ဖို့ စီစဉ် ဆောင်ရွက်ထားကြောင်းနှင့် ပေးရန်ကျန်ရှိတဲ့ကြွေးမြီတွေကိုလည်း ဘယ်လိုအစီအစဉ်တွေနဲ့ ပေးဆပ်ဖို့ စီစဉ်ဆောင်ရွက်ထားကြောင်း အများပြည်သူသိရှိနိုင်ရေး ပွင့်လင်းမြင်သာစွာ ရှင်းလင်းချပြနိုင်ခြင်း ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါဟု ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို မေးမြန်းသည့် ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲမှ ရွေးချယ်တင်မြှောက်ခဲ့သော ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရသစ်အနေဖြင့် ၂၀၁၆ ခုနှစ်မှစတင်၍ တာဝန်ထမ်းဆောင်နေကြပြီဖြစ်၍ အစိုးရသစ် စတင် တာဝန်ယူရသော ၁-၄-၂၀၁၆ ရက်နေ့ရှိ ဝန်ကြီးဌာနတစ်ခုချင်း၏ ရရန်ရှိသောကြွေးမြီများနှင့် ပေးရန် ရှိသော ကြွေးမြီများအခြေအနေကို အများပြည်သူသိရှိနိုင်ရေး ပွင့်လင်းမြင်သာစွာချပြနိုင်ခြင်းရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ Power Point အနည်းငယ် အသုံးပြုခွင့်ပြုပါရန် ပန်ကြားတင်ပြအပ်ပါတယ်။ ပထမဦးစွာ ပြည်တွင်းကြွေးမြီများနှင့်ပတ်သက်၍ ဝန်ကြီးဌာနတစ်ခုချင်းရဲ့ ရရန်ရှိတဲ့ကြွေးမြီများ၊ ပေးရန်ရှိတဲ့ကြွေးမြီများကို ရှင်းလင်းနိုင်ရန်အတွက် ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်စေခြင်း၊ ပြင်ပအဖွဲ့အစည်းများမှ ရရန်ရှိသော ကြွေးမြီများ အား သတ်မှတ်ရက်အတွင်း ပေးသွင်းနိုင်ခြင်းမရှိပါက စဉ်ဆက်မပြတ် ကြွေးတောင်းခံစာများ၊ သတိပေးနှိုးဆော်စာများထုတ်ပြန်ခြင်း၊ တောင်းခံသင့်သောလုပ်ငန်းရှင်များကို သက်ဆိုင်ရာဌာနများမှ ခေါ်ယူဆွေးနွေးတောင်းခံခြင်းများအပြင် ဒဏ်ကြေးကောက်ခံခြင်းနှင့် ဥပဒေကြောင်းအရ အရေးယူ ခြင်းတို့ဖြင့်ပါပေါင်းစပ်၍ ဆောင်ရွက်လျက်ရှိပါတယ်။ ၁-၄-၂၀၁၆ ရက်နေ့မှာရှိတဲ့ ဝန်ကြီးဌာန အလိုက် ပြည်တွင်းမှရရန်ရှိသော ကြွေးမြီများစာရင်းကို နောက်ဆက်တွဲ(က)ဖြင့် တင်ပြထားပါတယ်။

ဝန်ကြီးဌာနများ၏ ပြည်တွင်းမှ ရရန်၊ ပေးရန်၊ နှစ်ဟောင်းကြွေးကျန်များ ရှင်းလင်းရေးနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၃-၁၀-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၇၈၆/၂၅၂-စာရင်း/ အဖရ(၂၀၁၃) ဖြင့် ဒုတိယသမ္မတ(၂) ဦးစီးသော ဘဏ္ဍာရေးနှစ်အဆက်ဆက်ကြွေးကျန်များ စာရင်း ရှင်းလင်းရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး ယင်းအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အောက်ပါနည်းလမ်းများကို ချမှတ်၍ ရှင်းလင်းဆောင်ရွက်ခဲ့ပါတယ်။ ယနေ့အထိလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနည်းလမ်းများကတော့ (က) နှစ်ပေါင်းများစွာကကျန်ရှိသော ပုဂ္ဂလိကများထံမှ ကြွေးများကို ယင်းပုဂ္ဂိုလ်(ပုဂ္ဂလိက)ထံမှ တောင်းခံရန်၊ မရပါက ဥပဒေကြောင်းအရဆောင်ရွက်ရန်၊ (ခ) ကြွေးစာရင်းပေါ်နေသည့် နိုင်ငံပိုင်ဌာန၊ အဖွဲ့အစည်းများ၏ ကြွေးများအတွက် ရရန်၊ ပေးရန်များကို တိုက်ဆိုင်ညှိနှိုင်း၍ ရရန်၊ ပေးရန် ကိုက်ညီနေသည့် အကြွေးများကို Paper Transaction နည်းလမ်းဖြင့် စာရင်းရှင်းလင်းဆောင်ရွက်ရန်၊ (ဂ) ရရန်၊ ပေးရန်မကိုက်ညီသည့် နိုင်ငံပိုင်ဌာန၊ အဖွဲ့အစည်းများ၏ အကြွေးများကို ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၉၈၆ ခုနှစ်၊ မေလ

**မူကြမ်း**

၁၅ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၄၂/၈၆)ပါ နိုင်ငံပိုင်ပစ္စည်းဆုံးရှုံးမှုစာရင်း (ရရန်အကြွေးစာရင်း)မှ ပယ်ဖျက်ရန်အတွက် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စီစဉ်ဆောင်ရွက်ရန်၊ (ဃ) အပိုဒ်ခွဲ(က)အရ ပုဂ္ဂလိကထံမှတောင်းခံရန် မည်သို့မှမဖြစ်နိုင်တော့ကြောင်း ခိုင်လုံသေချာသည့် ရရန်ကြွေးမြီများကို ယခင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၉၈၆ ခုနှစ်၊ မေလ ၁၅ ရက်နေ့ ရက်စွဲပါအမိန့်ကြောငြာစာအမှတ်(၄၂/၈၆)ပါ နိုင်ငံပိုင်ပစ္စည်းဆုံးရှုံးမှုစာရင်း(ရရန်အကြွေးစာရင်း)မှ ပယ်ဖျက်ရန်အတွက် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စီစဉ်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ဆက်လက်၍ ပြည်ပချေးငွေများနှင့်စပ်လျဉ်းပြီး တင်ပြပါမယ်။ ပြည်ပချေးငွေများသည် ချေးငွေစာချုပ်ချုပ်ဆိုပြီးနောက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဆိုင်းငံ့ကာလအတွင်းမှာ ချေးငွေထုတ်ယူသုံးစွဲသည့် ပမာဏအပေါ်မှာ ကျသင့်အတိုးကိုသာပေးဆပ်ရပြီး ဆိုင်းငံ့ကာလကုန်ဆုံးသည့်အခါမှာ သတ်မှတ်ထားတဲ့ အချိန်ဇယားများအတိုင်း ကျသင့်သည့်အတိုးနှင့် အရင်းပေးဆပ်ငွေတို့ကို အရစ်ကျ ပေးဆပ်ရပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ချေးငွေသုံးစွဲသည့်ဌာန၊ အဖွဲ့အစည်းတို့မှာ ချေးငွေနှင့်ပတ်သက်သည့်မှတ်တမ်းများ စနစ်တကျထားရှိပြီး ချေးငွေတစ်ခုချင်းအလိုက် အရင်း/အတိုး ပေးဆပ်ရမည့်အချိန်ဇယားများအတိုင်း အရင်းနောက်ဆုံးအရစ် ပေးချေပြီးသည့်အခါမှသာ ၎င်းချေးငွေနှင့်ပတ်သက်ပြီး သက်ဆိုင်ရာချေးငွေပေးသည့် နိုင်ငံ၊ အဖွဲ့အစည်းများနှင့် ချေးငွေစာရင်း ရှင်းလင်းမှုများဟာ ပြီးပြတ်ပါတယ်။

ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီး/ဦးစီးဌာနများဟာ ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စုရဲ့ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲကြရာမှာ ပြည်ပချေးငွေများရယူထားသည့် အဖွဲ့အစည်းများဟာ ပြည်ပချေးငွေအရင်း ပြန်လည်ပေးဆပ်ရန် သို့မဟုတ် အတိုးနှင့်စရိတ်များ ပေးချေရန်တို့အတွက်ကို အသုံးစရိတ်မှာ ထည့်သွင်းလျာထားပြီး ရှင်းလင်းတင်ပြရမှာဖြစ်ပါတယ်။ ၎င်းအသုံးစရိတ်များကို ပြည်ထောင်စုလွှတ်တော်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၃ ပုဒ်မခွဲ(ခ)အရ ဖြတ်တောက်ခြင်းမပြုရပါဘူး။ သို့ပါ၍ ပြည်ပချေးငွေသုံးစွဲသည့် သက်ဆိုင်ရာဌာနများအနေဖြင့် မိမိတို့ရယူထားသည့်ချေးငွေ၏ စည်းကမ်းချက်များအပေါ်မှာမူတည်၍လည်းကောင်း၊ ထုတ်ယူသုံးစွဲသည့်ချေးငွေပမာဏအပေါ်မှာမူတည်၍လည်းကောင်း၊ အရင်း၊ အတိုးပေးဆပ်ရမည့် အချိန်ဇယားများကို ရေးဆွဲပြီး ဘတ်ဂျက်လျာထားခြင်းနှင့် အချိန်မီပေးချေခြင်းတို့ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**မူကြမ်း**

အစိုးရသစ် စတင်တာဝန်ယူရတဲ့ ၁-၄-၂၀၁၆ ရက်နေ့မှာရှိတဲ့ ဝန်ကြီးဌာနတစ်ခုချင်း ပေးရန်ရှိသော ပြည်ပကြွေးမြီများအခြေအနေကို နောက်ဆက်တွဲ(ခ)ဖြင့် တင်ပြထားပါတယ်။ ဝန်ကြီးဌာနများအနေဖြင့် ပေးရန်ရှိသောကြွေးမြီများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ လအလိုက်ပေးချေမှု အစီအစဉ်များကို နောက်ဆက်တွဲ(ဂ)ဖြင့် တင်ပြထားပါတယ်။ ဝန်ကြီးဌာနအလိုက် ပြည်ပကြွေးမြီနှင့်ပတ်သက်၍ ကျွန်တော်တို့ အခါအားလျော်စွာလည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှာ မေးခွန်းများဖြေကြားခြင်း၊ ပြည်ထောင်စုလွှတ်တော်မှာ သီးသန့်ရှင်းလင်းတင်ပြခြင်း၊ အဆိုပါဖြေကြားချက်နှင့် ရှင်းလင်းတင်ပြချက်များကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်မြင်သံကြားအစီအစဉ်တို့မှာ ဖော်ပြခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ Website မှာ ဖော်ပြခြင်းတို့ဖြင့် အများပြည်သူ သိရှိနိုင်စေရန် ပွင့်လင်းမြင်သာစွာဆောင်ရွက်ပေးလျက်ရှိပါတယ်။ နှစ်စဉ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို ပြည်ထောင်စုလွှတ်တော်ကို တင်ပြရာမှာလည်း ကျွန်တော်တို့ ကြွေးမြီအခြေအနေများကို ထည့်သွင်းတင်ပြလျက်ရှိပါတယ်။

ဝန်ကြီးဌာနအလိုက် ပေးရန်ရှိတဲ့ ပြည်ပကြွေးမြီစာရင်းမှာ ချေးငွေထုတ်ယူသုံးစွဲသည့် ငွေကြေးအမျိုးအစားများအလိုက် စာရင်းပြုစုထားရှိရခြင်းဖြစ်ပါတယ်။ ၃၁-၃-၂၀၁၆ ရက်နေ့မှာရှိတဲ့ ငွေလဲလှယ်နှုန်းကို အသုံးပြုပြီးတော့ အနီးစပ်ဆုံးညီမျှတဲ့ အမေရိကန်ဒေါ်လာတန်ဖိုးနဲ့ ကျွန်တော်တို့ ဖော်ပြထားခြင်းဖြစ်ပါတယ်။ ပြည်ပကြွေးမြီစာရင်းမှာ ထပ်မံရယူတဲ့ချေးငွေတွေ၊ ပြန်လည်ပေးဆပ်နေတဲ့အရင်း၊ အတိုးတွေရှိတဲ့အတွက်ကြောင့် အချိန်နဲ့အမျှ ကိန်းဂဏန်းများဟာ ပြောင်းလဲမှုရှိနိုင်ပါတယ်။ အဆိုပါပြည်ပကြွေးမြီများဟာ ဝန်ကြီးဌာနတစ်ခုချင်းမှာလည်း လက်အောက်ခံဌာနအဖွဲ့အစည်းများမှာ အချိန်နှင့်အမျှ အပြောင်းအလဲများဖြစ်ပေါ်နေမည်ဖြစ်သည့်အတွက် သိလိုသည့်ဝန်ကြီးဌာန၊ သိလိုသည့်ကြွေးမြီပမာဏများကို သက်ဆိုင်ရာဝန်ကြီးဌာနကို ဆက်သွယ်မေးမြန်းခြင်းအားဖြင့်လည်း သိရှိနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဆောမြို့နယ်တောင်ပိုင်း၊ လောင်းရှည်ကျေးရွာတွင် မိုးကြီးသည်းထန်စွာရွာသွန်းပြီး စလင်းချောင်း ရေကြီးတိုက်စားမှုကြောင့် ယခုနှစ်ပွင့်လင်းရာသီအမီ ခိုင်ခံ့သည့်ကျောက်စီရေကာနှစ်ခု အမြန်ဆုံး တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်တင်(ဆောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါ တယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်တင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ ဆောမြို့နယ်တောင်ပိုင်း၊ လောင်းရှည် ကျေးရွာမှာ ၁-၈-၂၀၁၆ ရက်နေ့မှ ၁၄-၈-၂၀၁၆ ရက်နေ့ထိ မိုးကြီးသည်းထန်စွာရွာသွန်းမှု ကြောင့် စလင်းချောင်းရေကြီးပြီး တိုက်စားမှုကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ ခန့်က သောက်ရေတွင်း တစ်တွင်း၊ လူနေအိမ်တစ်လုံး ရေစီးထဲကို မျောပါသွားပါတယ်။ နေအိမ်တစ်လုံးကိုလည်း လူထုလုပ်အားဖြင့် အမြန်ရွှေ့ပြောင်းပေးခဲ့ရပါတယ်။ ရေအားလျှပ်စစ်၊ စပါးကြိတ်ခွဲစက်၊ တာဘိုင် တစ်လုံးလည်း ရေစီးထဲမျောပါခဲ့ပါတယ်။ ထို့အပြင် ကျေးရွာငါးရွာရဲ့ အသက်သွေးကြောဖြစ်တဲ့ လယ် ၃၂၅ ဧက စိုက်ပျိုးနေရတဲ့ ရေသွင်းမြောင်းကြီးကလည်း ရေတိုက်စားလုနီးပါးအခြေအနေမှာ ဖြစ်နေ ပါတယ်။ လောင်းရှည်ကျေးရွာအား ရေတိုက်စားမှုမှ ကာကွယ်ပေးရန် အမြန်လိုအပ်နေပြီဖြစ်ပါတယ်။ နိုင်ငံတော်မှ စလင်းချောင်းရေကူးဘေလီတံတားကြီး ကိုလည်း ရေတိုက်စားခြင်းဘေးမှ ကာကွယ်ပေး ရန်လိုအပ်နေပြီဖြစ်ပါတယ်။ ကျေးရွာလူထုအပေါင်း ကိုယ်ထူကိုယ်ထစနစ်နဲ့ သစ်သားများ၊ မင်းတုံး များ၊ ကျောက်ခဲများဖြင့် ခက်ခဲပင်ပန်းကြီးစွာ နေ့စဉ်ရက်ဆက်ပြုလုပ်နေခဲ့ကြရပါတယ်။ ကျွန်တော့် အား Power Point အသုံးပြုခွင့်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ Power Point တင်ထားပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ရိုးရိုးပဲပြောပါတော့။ Power Point မပေါ်ပါဘူး။

**ဦးကျော်တင်(ဆောမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ ကွင်းဆင်းကြည့်ရှုရာမှာ အမှန်တကယ် အန္တရာယ်ကျရောက်နေတဲ့အခြေအနေကို တွေ့မြင်ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရမှ ခိုင်ခံ့တဲ့ကျောက်စီရေကာနံရံ(၂)ခု အမြန်ပြုလုပ်ပေးပါက အထက်ဖော်ပြပါဆိုးကျိုးအန္တရာယ်များမှ လွတ်မြောက်နိုင်ပြီး တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို ကောင်းကျိုးအဖြစ် စိုက်ပျိုးနိုင်မယ့်မြေဧက

၁၀၀ ခန့်ပေါ်ထွက်လာမှာဖြစ်ပါတယ်။ ထို့ကြောင့် ယခုနှစ်ပွင့်လင်းရာသီအမီ ခိုင်ခန့်တဲ့ကျောက်စီရေကာ(၂)ခု အမြန်ဆုံးတည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိကို လောင်းရှည်လူထုကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးနှင့် ဖိတ်ကြားထားသောဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်မေးမြန်းထားတဲ့ ဆောမြို့နယ်တောင်ပိုင်း၊ လောင်းရှည်ကျေးရွာတွင် ၁-၈-၂၀၁၆ ရက်နေ့မှ စ၍ ၁၄-၈-၂၀၁၆ ရက်နေ့အထိ မိုးကြီးသည်းထန်စွာရွာသွန်းပြီး စလင်းချောင်းရေကြီးတိုက်စားမှုကြောင့် နိုင်ငံတော်အစိုးရမှ ယခုနှစ်ပွင့်လင်းရာသီအမီ ခိုင်ခန့်သည့်ကျောက်စီရေကာနှစ်ခု အမြန်ဆုံးတည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ဖြေကြားမှာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်(တောင်ပိုင်း)ရှိ လောင်းရှည်ကျေးရွာဟာ စလင်းချောင်းတောင်ဘက် ချောင်းစပ်အပြင်ကမ်းပါး (Outer Bank)ပေါ်မှာ တည်ရှိပြီး ပုံမှန်အားဖြင့် မိုးရာသီရေများချိန်မှသာ ကျေးရွာဘက်သို့ ရေရောက်ရှိကြောင်း သိရှိရပါတယ်။ စလင်းချောင်းရဲ့ ပုံမှန်ရေကြီးမှုဟာ ၈ ပေမှ ၁၀ ပေအထိ ရှိသော်လည်း မုန်တိုင်းမိုးရွာတဲ့အခါ ချောင်းရေမျက်နှာပြင်ဟာ ၁၅ ပေအထိတက်ကြောင်း သိရှိရပါတယ်။ လောင်းရှည်ကျေးရွာ၊ စလင်းချောင်းရေစားကမ်းပြိုမှုများဟာ ၂၀၁၃ ခုနှစ်ကစတင် ဖြစ်ပွားခဲ့ပြီးတော့ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တွေမှာလည်း ရေစားကမ်းပြိုရှိတဲ့အတွက် လူနေအိမ်တွေ၊ စိုက်ပျိုးမြေဧရိယာတွေ ဆုံးရှုံးပျက်စီးခဲ့ရတယ်လို့ သိရှိရပါတယ်။

ကျွန်တော်တို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆောမြို့နယ်တောင်ပိုင်း၊ လောင်းရှည်ကျေးရွာ၊ စလင်းချောင်း

ရေတိုက်စားမှုအခြေအနေများကို ၉-၁၂-၂၀၁၆ ရက်နေ့မှာ ကွင်းဆင်းတိုင်းတာ စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ ကွင်းဆင်းခြင်းအားဖြင့် လောင်းရှည်ကျေးရွာ စလင်းချောင်းရေတိုက်စာကမ်းပြိုမှု မှတ်တမ်းဓာတ်ပုံများကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒီဟာကတော့ ကျွန်တော်တို့ လောင်းရှည်ကျေးရွာ လက်ရှိစလင်းချောင်းကမ်းပါး ပြိုနေတဲ့နေရာတွေ တွေ့ရှိရတဲ့ပုံဖြစ်ပါတယ်။ ဒီဟာကတော့ လူနေအိမ်တွေ ရေတိုက်စားခံရမှုကို ဖော်ပြတဲ့မှတ်တမ်းတင်ဓာတ်ပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒီဟာကတော့အခုနက ကိုယ်စားလှယ်ကြီးတင်ပြသွားသလို ကျေးရွာအစီအစဉ်နဲ့ ရေလွှဲရေကာများ တည်ဆောက်ထားတဲ့ပုံ တင်ပြအပ်ပါတယ်ခင်ဗျား။ ဒီဟာကတော့ ကွင်းဆင်းတွေ့ရှိချက်အရ လောင်းရှည်ကျေးရွာ စလင်းချောင်းရေတိုက်စားမှုဟာဆိုလို့ရှိရင် နွေရာသီရေနည်းချိန်မှာ ဖြစ်ပွားမှု မရှိဘဲ မိုးရာသီရေများချိန်၌သာ ဖြစ်ပွားလေ့ရှိကြောင်း သိရှိရပါတယ်။ စလင်းချောင်းဟာဆိုလို့ရှိရင် ချောင်းကြမ်းပြင်မြင့်တက်လာမှုနှင့် ကျေးရွာအထက်မှာ အခုနက ၂၀၁၃ ခုနှစ်ကတည်းက ရေလယ် တိုင်ရှစ်လုံးနှင့် တည်ဆောက်ခဲ့တဲ့ ဘေလီတံတားရဲ့ ရေလယ်တိုင်တွေအတွက်ကြောင့် ရေများချိန်မှာ ရေစီးကြောင်းတွေ ပုံမှန်မဟုတ်ဘဲ ခွဲထွက်စီးဆင်းမှုတို့ကြောင့် ရေစားကမ်းပြိုခြင်း ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ လောင်းရှည်ကျေးရွာ စလင်းချောင်း ရေတိုက်စားကမ်းပြိုမှု ကာကွယ်နိုင်ရန် အတွက် ဆောင်ရွက်ပေးရန် လိုအပ်မယ့် အစီအမံများကို ကျွန်တော်အခုတင်ပြထားပါ တယ်ခင်ဗျား။ အပြာနဲ့ပြထားတာ ကျွန်တော်တို့ ဘေလီတံတားတည်နေရာပါ။ ရေတိုက်စားမှုကာကွယ် နိုင်ရန်အတွက် ကျောက်ကြီးဖြည့် Steel Basket ရေလွှဲရေကာခြောက်ခုခန့် တည်ဆောက်ကာကွယ် ပေးရန် လိုအပ်မှာဖြစ်ပြီး အဆိုပါရေလွှဲရေကာခြောက်ခု တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျ စရိတ်မှာ ကျပ်သန်း ၁၅၆.၅၂၅ တိတိဖြစ်ကြောင်း တွက်ချက်ရရှိခဲ့ပါတယ်။ အဲဒီလို အကာအကွယ်တွေလုပ်ပေး မယ်ဆိုရင် ကျေးရွာဘက်ကို မိုးရာသီရေစီးကြောင်း ခွဲထွက်မှုများကို ရေစီးနှုန်းလျှော့ချ၍ ကမ်းနှင့် ဝေးရာတွင် စီးဆင်းစေခြင်းဖြစ်သဖြင့် ကမ်းစားကမ်းပြိုမှုများကို ကျွန်တော်တို့ ကာကွယ်နိုင်မှာ ဖြစ်ပါ တယ်။

မကွေးတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်မှာ လုပ်ငန်းကိုးနေရာအတွက် မကွေးတိုင်းဒေသကြီးအစိုးရရဲ့ ခွင့်ပြုရန်ပုံငွေစုစုပေါင်း ကျပ်သန်း ၃၁၇၆.၁၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းနေရာ ၁၈ ခုအတွက် စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ်သန်း ၂၈၄၃.၄၁ ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်းရန်ပုံငွေမှာ လျာထားကြောင်း သိရှိရပါတယ်ခင်ဗျား။

**မူကြမ်း**

သို့ဖြစ်ပါ၍ လောင်းရှည်ကျေးရွာ စလင်းချောင်းရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေထည့်သွင်းလျာထားခြင်းမရှိသေးပါသဖြင့် လောင်းရှည်ကျေးရွာ၊ စလင်းချောင်း ရေကြီးတိုက်စားမှုကာကွယ်ရန် ကျောက်စီရေကာနှစ်ခု တည်ဆောက်ခြင်းအား လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်ခင်ဗျား။

**သရက်မြို့နယ်၊ ရေဖြူကျေးရွာအား ပွန်းချောင်းရေတိုက်စားမှုကြောင့် ကျေးရွာပျက်စီးမှုအခြေအနေအား ယခုပွင့်လင်းရာသီတွင် သက်ဆိုင်ရာမှ ဆောလျင်စွာ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကံမြင့်မှ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ အကြောင်းအရာကတော့ သရက်မြို့နယ်၊ ရေဖြူကျေးရွာအုပ်စု ရေဖြူကျေးရွာမှာ အိမ်ထောင်စု ၁၀၅ စုနဲ့ လူဦးရေ ၄၆၅ ဦးရှိပြီး ပွန်းချောင်းဘေးတွင် တည်ရှိပါတယ်။ ၎င်း ပွန်းချောင်းရေဟာ မိုးရွာသွန်းမှုကြောင့် နှစ်စဉ်ရေကြီးရေလျှံခြင်း၊ ကမ်းပါးပြိုခြင်းဖြစ်ပေါ်လျက်ရှိပြီး ယခင်နှစ်ကာလများတွင် ကျေးလက်ပြည်သူများ စိုးရိမ်နေရမှုအခြေအနေမရှိပါသော်လည်း ယခု ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုများ အဆက်မပြတ်ဖြစ်ပေါ်ခဲ့ရာ အခြေခံပညာမူလတန်းကျောင်းများ ကျေးရွာရှိလူနေအိမ်များနှင့် အလွန်နီးကပ်လျက်ရှိပြီး စိုးရိမ်ရမှုအခြေအနေ ဖြစ်ပေါ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ကျေးဇူးပြုပြီးတော့ သုံးစွဲခွင့်ပြုပါ။ ကျွန်တော်တို့ ၁၁-၆-၂၀၁၆ ရက်နေ့မှာ ချောင်းရေတိုက်စားမှုကြောင့် ဦးသိန်းဝင်းဆိုသူရဲ့နေအိမ်မှာ စိုးရိမ်ရတဲ့အတွက်ကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရန် ဖျက်ဆီးပြောင်းရွှေ့မှုများအား ပြုလုပ်ခဲ့ကြရပါတယ်။ အဆိုပါ ချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုသည် ယခုအခြေအနေတွင် ကျေးရွာရှိလူနေအိမ်များ

အတွက် စိုးရိမ်ရမည့်အခြေအနေရှိပါကြောင်း သဘာဝဘေးကြောင့် လူနေအိမ်များပြောင်းရွှေ့သွားရမည်ဆိုပါက ကျေးရွာ၏တောင်ဘက်၊ အနောက်ဘက်တွင်လယ်ကွင်းများ၊ အရှေ့ဘက်တွင်တောင်ကုန်းများတည်ရှိပါသဖြင့် ပြောင်းရွှေ့နေထိုင်ရန်အခက်အခဲများရှိနေပါတယ်။ ယခု ပွင့်လင်းရာသီတွင် ချောင်းရေတိုက်စားမှုကြောင့် သစ်ပင်များ၊ အိမ်သာများ၊ နေအိမ်များ နေ့စဉ်ပြိုကျသောကြောင့် မိုးတွင်းအခါတွင် ကျေးရွာလုံးဝပျက်စီးတော့မည်ဖြစ်ကြောင်း ကျေးရွာသူကျေးရွာသားများမှ စိုးရိမ်ပူပန်နေကြပါသဖြင့် ယခုပွင့်လင်းရာသီတွင် သက်ဆိုင်ရာမှဆောလျင်စွာ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်ရဲ့ သရက်မြို့နယ်၊ ရေဖြူကျေးရွာအား ပွန်းချောင်းရေတိုက်စားမှုကြောင့် ကျေးရွာပျက်စီးမှုအခြေအနေအား ယခုပွင့်လင်းရာသီတွင် သက်ဆိုင်ရာမှဆောလျင်စွာ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ဖြေကြားမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ရေဖြူကျေးရွာပွန်းချောင်းရေတိုက်စားမှု အခြေအနေကို ၁၈-၁၂-၂၀၁၆ ရက်နေ့တွင် ကွင်းဆင်းတိုင်းတာ စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ပွန်းချောင်းသည် သရက်မြို့နယ်၊ ရေဖြူကျေးရွာဘေးတွင် ဖြတ်သန်းစီးဆင်းလျက်ရှိပြီး နွေရာသီမှာ ရေအနက် ၁ ပေခန့်သာရှိပြီးတော့ မိုးရာသီချောင်းရေကျချိန်မှာ ရေအနက် ၆ ပေခန့်အထိရှိပြီး ရေစီးနှုန်းများပြားတာ တွေ့ရှိရပါတယ်။ ပွန်းချောင်းရေဟာ ရေပြင်ကျယ်၍ ရေစီးဇရိယာမှာ ကျဉ်းမြောင်းပြီး ရေဖြူကျေးရွာသို့ ဦးတည်စီးဆင်းမှုကြောင့် ၂၀၁၅ ခုနှစ် ရေများချိန်မှစ၍ ရေတိုက်စားကမ်းပြိုမှုများ ဖြစ်ပေါ်လာခဲ့ကြောင်း သိရှိရပါတယ်။ ကျေးရွာ

အထက်ဘက်သောင်ခုံမှာ တဖြည်းဖြည်းကြီးလာပြီး ရေစီးကြောင်းကျဉ်းမြောင်း၍ ရွာအခြေကို ရေနက်စီးကြောင်းအဖြစ် ဦးတည်စီးဆင်းပါတယ်။ ချောင်းရေတိုက်စားမှုကြောင့် ရေဖြူကျေးရွာ အထက်ဘက်မှ အောက်ဘက်အထိ ပေ ၇၀၀ ခန့် ပြိုကျမှုဖြစ်ပေါ်လာပါတယ်။ ကျေးရွာမူလတန်း ကျောင်းနှင့် ပေ ၁၀၀ ခန့်သာကွာပြီး လူနေအိမ်များနှင့် ပေ ၂၀ ခန့်သာကွာကြောင်း သိရှိရပါတယ်။

ရေဖြူကျေးရွာ ရေတိုက်စားမှုအား ကာကွယ်နိုင်ရန်အတွက် ဆောင်ရွက်ရန်လိုအပ်သော အစီအမံများနှင့် ခန့်မှန်းကုန်ကျစရိတ်များအား Power Point ဖြင့်တင်ပြခွင့်ပါ။ ဒီဟာကတော့ ကျွန်တော်တို့ ရေဖြူကျေးရွာကမ်းပြိုတဲ့နေရာတွေမှာ အနီနဲ့ပြထားတဲ့ဟာက ကမ်းပြိုတဲ့နေရာတွေ ဖြစ်ပါတယ်ခင်ဗျား။ ဒီဟာတွေဟာ ကျွန်တော်တို့ ကျေးရွာအထက်ဘက်မှာဆိုရင် ကျောက်ဖြည့်မျော ရေကာအလျား ၇ ပေ ၁ ခုနှင့် ၆၅ ပေ ၁ ခု၊ နောက် ကျေးရွာအထက်ဘက်မှ အောက်ဘက်ကမ်းပါး တစ်လျှောက်မှာ အလျား ၈၅၀ ပေရှိ ကျောက်ကြီးဖြည့်မျောတိုင်တန်း နှစ်ဆင့်ရိုက် ကာကွယ်ခြင်း လုပ်ငန်းနှင့် ကျေးရွာအောက်ဘက်မှာ ကျောက်ဖြည့်မျောရေကာအလျား ၅၀ ပေ ၂ ခုတည်ဆောက် ပေးရန်လိုအပ်မည်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း အစီ အမံများအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ စုစုပေါင်းသန်း ၁၀၆.၂၈ ခန့်ဖြစ်ပါတယ်။ တိုးတက် ဖြစ်ပေါ်လာမည့် ရေလမ်းကြောင်းအခြေအနေပေါ်မူတည်ပြီး လိုအပ်တဲ့ရေလမ်းထိန်းသိမ်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ရေဖြူကျေးရွာ ပွန်းချောင်းရေတိုက်စားမှု ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များအတွင်း မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်းရန်ပုံငွေစာရင်းတွင် ပါဝင်ခြင်းမရှိပါသဖြင့် အဆိုပါကမ်းပြို ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။

**နိုင်ငံတကာလေကြောင်းလိုင်းများမှ မြန်မာနိုင်ငံ ဝေဟင်လေပိုင်နက်များတွင် နေ့စဉ်ဖြတ်သန်းမောင်းနှင်လျက်ရှိသော အပြည်ပြည်ဆိုင်ရာလေယာဉ်များအား မည်သည့်ဝန်ကြီးဌာနမှ မည်သည့်ခုနှစ်တွင်စတင်၍ အခွန်မည်မျှစည်းကြပ်ကောက်ခံပြီး ကောက်ခံရရှိသော အခွန်ဘဏ္ဍာများအား မည်သည့်နေရာများတွင်သုံးစွဲသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်တည်ဆောက်ဖို့၊ တည့်မတ်ဖို့၊ စီးပွားရေးတောင့်တင်းဖို့ဆိုရင် ဝင်ငွေ၊ ထွက်ငွေမျှတအောင်ကြိုးစားရမှာဖြစ်ပါတယ်။ ဘတ်ဂျက်လိုငွေတွေလျော့နည်းအောင် အခွန်အကောက်တွေကို ဥပဒေနှင့်အညီ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ကောက်ခံနိုင်ဖို့လည်းလိုပါတယ်။ ပြည်တွင်း/ပြည်ပဝင်ငွေတွေ ရရှိရန်လည်းလိုအပ်ပါတယ်။ ပြည်တွင်းမှသဘာဝသယံဇာတများ ရောင်းချရရှိသော ပြည်ပဝင်ငွေထက် ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံမှုရရှိသော အခွန်အကောက်များနှင့် ပြည်ပဝင်ငွေများမှာ ပို၍ တိုင်းပြည်အတွက်၊ နိုင်ငံအတွက် အကျိုးအမြတ်ရှိမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် နှစ်သစ်မိန့်ခွန်း၌ ပြောကြားခဲ့ရာတွင် တိုင်းပြည်ထူထောင်ရေးအတွက် ပစ္စည်းလိုတယ်။ အခြားတိုင်းပြည်ကပစ္စည်းရဖို့ရန် မြန်မာငွေနဲ့ဝယ်မရဘူး။ သူ့သက်ဆိုင်ရာနိုင်ငံခြားငွေနဲ့မှရတယ်။ အဲဒီငွေရဖို့ ထွက်ကုန်/ဝင်ကုန် ပစ္စည်းချင်းမျှအောင်လုပ်ရမယ်လို့ ပြောကြားခဲ့ပါတယ်။ အဲဒီတော့ နိုင်ငံခြားငွေဟာ တိုင်းပြည်အတွက် ဘယ်လောက်အရေးကြီးသလဲဆိုတာ ပေါ်လွင်နေပါတယ်။ နိုင်ငံတကာမှ ပင်လယ်ကူးသင်္ဘောများ မြန်မာဆိပ်ကမ်းတွင် ဝင်ရောက်မှုမှ ရရှိသောအခွန်အကောက်များ၊ မြန်မာရေပိုင်နက်မှဖြတ်သန်းခုတ်မောင်းရာတွင် ရရှိသောအခွန်အကောက်များသည် တိုင်းပြည်အတွက် များစွာအကျိုးဖြစ်ပါတယ်။ ထိုနည်းတူ မြန်မာဝေဟင်ပိုင်နက်တွင်လည်း အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းမှ လေယာဉ်များသည် အရှေ့မှအနောက်၊ တောင်မှမြောက်သို့ ဥဒဟိုပျံသန်းသွားလာနေတာကို မြင်တွေ့နေရပါတယ်။ ယခုလိုဖြတ်သန်းသွားလာနေသော

လေယာဉ်များမှ အခွန်ကောက်ခံမှုနှုန်းထားတွေ လေယာဉ်တစ်စင်းကိုဘယ်လောက်ရတယ်၊ တစ်နှစ်ကို ဘယ်လောက်ရတယ်။ ရရှိတဲ့အခွန်အကောက်တွေကို ကိုယ်ကျိုးစီးပွားအတွက်အသုံးမပြုဘဲ မှန်မှန်ကန်ကန် တိုင်းပြည်ဘဏ္ဍာထဲစီးဝင်မယ်ဆိုရင် တိုင်းပြည်ရဲ့စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အဆင်ပြေမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုသည့်မေးခွန်းမှာ မည်သည့်ဝန်ကြီးဌာနမှ မည်မျှစည်းကြပ်ကောက်ခံပါသနည်း။ မည်သည့်ခုနှစ်မှစတင်၍ကောက်ခံခဲ့ပါသနည်း။ ကောက်ခံရရှိသော အခွန်ဘဏ္ဍာများအား အလေအလွင့်မရှိ မည်သည့်နေရာတွင်သုံးစွဲမည်ကိုသိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပွင့်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းမေးမြန်းထားတဲ့ နိုင်ငံတကာလေကြောင်းလိုင်းများမှ အပြည်ပြည်ဆိုင်ရာလေယာဉ်များသည် မြန်မာနိုင်ငံဝေဟင်လေပိုင်နက်များတွင် နေ့စဉ်ဖြတ်သန်းမောင်းနှင်လျက်ရှိရာ ထိုသို့ဖြတ်သန်းသွားလာလျက်ရှိတဲ့လေယာဉ်များကို မည်သည့်ဝန်ကြီးဌာနမှ အခွန်မည်မျှစည်းကြပ်ကောက်ခံခဲ့ပါသနည်း၊ ကောက်ခံရရှိသော အခွန်ဘဏ္ဍာများအား အလေအလွင့်မရှိ မည်သည့်နေရာများတွင်သုံးစွဲသည်ကို သိရှိလိုခြင်းနှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ဖြေကြားမှာဖြစ်ပါတယ်ခင်ဗျာ။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံဝေဟင်ပိုင်နက်အတွင်းသို့ ဖြတ်သန်းမောင်းနှင်သွားသော နိုင်ငံတကာလေကြောင်းလိုင်းများ၏ အပြည်ပြည်ဆိုင်ရာလေယာဉ်များအား လေယာဉ်ဖြတ်ကျော်ပျံသန်းဝန်ဆောင်ခ (Air Navigation Facility Charges)ကို ကောက်ခံပေးလျက်ရှိပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ လေယာဉ်ဖြတ်ကျော်ပျံသန်းဝန်ဆောင်ခကို ၁၉၃၄ ခုနှစ် လေကြောင်းဥပဒေကိုအခြေခံ၍ ၁၉၄၈ ခုနှစ်မှ စတင်ကောက်ခံခဲ့ပြီး ကောက်ခံခဲ့သည့်နှုန်းထားမှာ လေယာဉ်ရဲ့အများဆုံးအလေးချိန်(Maximum Take-

Off Weight) ပေါ်အခြေခံ၍ အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်(ICAO)၏ လမ်းညွှန်သတ်မှတ်ချက်များနှင့်အညီ ကောက်ခံလျက်ရှိပါတယ်။ Power Point ဖြင့်တင်ပြခွင့်ပြုပါ။ ဒါ ကျွန်တော်တို့က သတ်မှတ်ထားတဲ့ဟာ အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်ရဲ့ လမ်းညွှန်မှုများနှင့်အညီ ဖြတ်ကျော်ပျံသန်းတဲ့လေယာဉ်ရဲ့ အလေးချိန်ပေါ်မူတည်ပြီးတော့ နှုန်းထားကို ကျွန်တော်တို့က သတ်မှတ်ပါတယ်။ ဥပမာအားဖြင့် 25,000 Kg အောက်မှာရှိတဲ့လေယာဉ်တွေ။ ဒီဟာဆိုရင်တော့ ATR လေယာဉ်တွေ၊ MBR လေယာဉ်တွေပါရှိပါတယ်။ အဲဒါ ဆိုရင်တော့ တစ်ခါဖြတ်ရင် ၃၂ ဒေါ်လာကောက်ခံပါတယ်။ တစ်ခါ 25,000 Kg ကနေပြီးတော့ 50,000 Kg အထိ ဒီဟာကတော့ ခုနက Boeing 717၊ နောက်ပြီးတော့ Fokker လေယာဉ်စသည်တို့အတွက် ၅၃ ဒေါ်လာ ကောက်ခံပါတယ်။ တစ်ခါ 50,000 Kg ကနေပြီးတော့ 75,000 Kg အထိ ဒီဟာကတော့ Boeing 737 လေယာဉ်၊ Air Bus(320319)လေယာဉ်တွေ ဖြစ်ပါတယ်။ ဒီဟာကတော့ တစ်ခါဖြတ်ကျော်ပျံသန်းရင် ၉၉ အမေရိကန်ဒေါ်လာကောက်ခံပါတယ်။ တစ်ခါ ဒီ့ထက်ကြီးတဲ့လေယာဉ်တွေ 75,000 Kg ကနေပြီးတော့ Kg 100,000 အထိရှိတဲ့လေယာဉ်တွေ။ ဒီဟာ ကတော့ Boeing 757 ၊ Air Bus(321)လို လေယာဉ်အမျိုးအစား၊ အတန်းအစားဆိုရင်တော့ ကျွန်တော်တို့ ၁၁၉ အမေရိကန်ဒေါ်လာ ကောက်ခံပါတယ်။ ထိုမှတဖန် Kg 100,000 ကနေ 200,000 အထိကတော့ ၃၀၄ အမေရိကန်ဒေါ်လာ ကောက်ခံပြီးတော့ ကျန်တဲ့ Weight အလိုက် ၆၀၉ ဒေါ်လာအထိ ကျွန်တော်တို့ကောက်ခံလျက်ရှိပါတယ်။

၁၉၈၈ ခုနှစ်ကနေ ယခုအချိန်ထိ မြန်မာနိုင်ငံရဲ့ လေယာဉ်ဖြတ်ကျော်ပျံသန်းဝန်ဆောင်ခကို တိုးမြှင့်ကောက်ခံခဲ့သည့်နှုန်းများကိုလည်း တင်ပြလိုပါတယ်ခင်ဗျား။ နှစ်စဉ် ၁၉၈၈ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၉၀ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၀၄ ခုနှစ်မှာ တစ်ကြိမ်၊ နောက်တစ်ခါ ကျွန်တော်တို့ ၂၀၀၉ ခုနှစ်မှာ လက်ရှိကောက်ခံတဲ့နှုန်းထားကို အဆင့်ဆင့်တိုးမြှင့်ကောက်ခံခဲ့တဲ့ဟာကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒီလိုတိုးမြှင့်ကောက်ခံတဲ့ဟာကလည်း ကျွန်တော်တို့အနေနဲ့က အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်ရဲ့လမ်းညွှန်မှုများနှင့်အညီ လိုအပ်သည့်တွက်ချက်မှုများပြုလုပ်ပြီးတော့ ပြင်ဆင်တိုးမြှင့်ကောက်ခံခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအပေါ်မှာ နေ့စဉ်ဖြတ်ကျော်ပျံသန်းတဲ့ လေယာဉ်စီးရေဟာ နှစ်စဉ်တိုးတက်လျက်ရှိပြီး လက်ရှိတွင် တစ်ရက်လျှင် လေယာဉ်ခေါက်ရေ ၆၀၀ ခန့် လေယာဉ်ဖြတ်ကျော်ပျံသန်းခများ ကောက်ခံလျက်ရှိပါတယ်။ လေယာဉ်ဖြတ်ကျော်ပျံသန်းခ ကောက်ခံရရှိမှုအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၃.၂၃၃ သန်း၊ ၂၀၁၆-

၂၀၁၇ ဘဏ္ဍာရေးနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့ထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၈.၄၉၁ သန်း ရရှိခဲ့ပါတယ်။ Power Point လေးနဲ့တင်ပြပါရစေခင်ဗျာ။ တိုးတက်လာတဲ့ဟာ။ ဒီဟာ ကျွန်တော်တို့ ကြည့်မယ်ဆို ၂၀၀၅-၂၀၀၆ ကနေပြီးတော့ ၂၀၁၅-၂၀၁၆ အထိကို နှစ်စဉ်ကောက်ခံရရှိတဲ့ စုစုပေါင်း ဖြတ်ကျော်ပျံသန်းဝန်ဆောင်ခတွေ ကျွန်တော်ဖော်ပြထားတဲ့ Graph ဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ လေယာဉ်ဖြတ်ကျော်ပျံသန်းဝန်ဆောင်ခကောက်ခံရရှိငွေများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့ အပတ်စဉ် ကျွန်တော်တို့ပေးသွင်းလျက်ရှိပါတယ် ခင်ဗျား။ ရရှိလာတဲ့ဝန်ဆောင်ခတွေကို နိုင်ငံတော်ရဲ့အစီအမံဖြင့်သာ စနစ်တကျခွဲဝေသုံးစွဲလျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**နေပြည်တော်-ကျိုင်းတုံအသွားအပြန် လေယာဉ်ခရီးစဉ်ကို တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် ပြေးဆွဲပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ် နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန် ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ နေပြည်တော်-ကျိုင်းတုံ၊ ကျိုင်းတုံ-နေပြည်တော် လေယာဉ်ခရီးစဉ်ကို တစ်ပတ်ကိုတစ်ကြိမ် ပြေးဆွဲပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့ဟာ ခရိုင်ရုံးစိုက်ရာမြို့ဆိုပေ မယ့်လည်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရဲ့မြို့တော်ကဲ့သို့ဖြစ်ပြီးတော့ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ် ရေးမှူးရုံးစိုက်ရာ ပြည်နယ်ရုံးခွဲနှင့် အခြားပြည်နယ်ရုံးခွဲများ ရုံးစိုက်ရာမြို့ဖြစ်ပါတယ်ခင်ဗျား။ သံလွင်အရှေ့ခြမ်း ကိုးမြို့နယ်မှာရှိတဲ့ ဝန်ထမ်းများဟာဆိုလို့ရှိရင် ဒေသပေါင်းစုံကနေလာရောက်ပြီး တော့ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများဖြစ်ပါတယ်။ ပြီးတော့ ကျိုင်းတုံမြို့ဟာဆိုလို့ရှိရင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်အခြေစိုက်တဲ့ မြို့လည်းဖြစ်ပါတယ်။ ကိုးမြို့နယ်မှာရှိတဲ့ ဝန်ထမ်းများအပြင် တပ်မတော်အရာရှိ၊ အရာခံများသည်လည်းပဲ နေပြည်တော်သို့ မကြာခဏ အစည်းအဝေးတက်ရောက် ခြင်း၊ သင်တန်းတက်ရောက်ခြင်း စသည်များကို မကြာခဏလာရောက်နေရပါတယ်။ အဲဒီလိုလာတဲ့

အခါမျိုးမှာ ကျွန်တော်တို့ ကျိုင်းတုံ-နေပြည်တော်၊ နေပြည်တော်-ကျိုင်းတုံ လေယာဉ်ခရီးစဉ်မရှိတဲ့ အတွက် ကျိုင်းတုံကနေပြီးတော့ ဟဲဟိုး-ကျိုင်းတုံ-မန္တလေး တံတားဦးလေဆိပ် ကျိုင်းတုံ-ရန်ကုန်-မင်္ဂလာဒုံလေဆိပ်များကနေတစ်ဆင့် ထိုလေဆိပ်ကနေပြီးတော့ ထိုမြစ်ဝှမ်းများမှာရှိတဲ့ အဝေးပြေး ကားဂိတ်ကနေတစ်ဆင့် ကားစီးပြီးတော့ နေပြည်တော်ကိုထပ်ဆင့်လာနေရပါတယ်။ အဲဒီလိုလာရတဲ့ အခါမှာ လေယာဉ်ခရီးစဉ်ကို မည်သည့်အချိန်ဆိုက်မယ်ဆိုတာ ကြိုတင်မသိနိုင်တဲ့အတွက် ကြိုတင် ကားလက်မှတ်များဝယ်ယူလို့ မရပါဘူး။

အဲဒီအခါမျိုးမှာဆိုလို့ရှိရင် ကျွန်တော်တို့ ကားလက်မှတ်မရတဲ့အခက်အခဲများစွာကြုံရပါတယ်။ နေ့ကားမရလို့ ညကားကိုစီးရတဲ့အခါမျိုးမှာဆိုလို့ရှိရင် ခရီးသည်များ တစ်ညလုံးပေါက်ခရီးဆက်ရ တဲ့အတွက် ခရီးပန်းခြင်း၊ အိပ်ရေးပျက်ခြင်း၊ ကျန်းမာရေးပျက်ခြင်းတွေလည်း ကြုံတွေ့နေရပါတယ်။ ယခင်က ကျိုင်းတုံ-နေပြည်တော်၊ နေပြည်တော်-ကျိုင်းတုံခရီးစဉ်ရှိခဲ့ပေမယ့် အဆင်ပြေခဲ့ပေမယ့် ယခု မြန်မာအမျိုးသားလေကြောင်းပေါ်လာပြီးနောက်ပိုင်းမှာ ကျိုင်းတုံ-နေပြည်တော်၊ နေပြည်တော်-ကျိုင်းတုံလေယာဉ်မရှိတော့တဲ့အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကိုးမြို့နယ် ကျွန်တော်တို့ မက်မန်း အပါအဝင် ၁၀ မြို့နယ်မှာရှိတဲ့ တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းများ၊ နောက်ပြီးတော့ ကိုးမြို့နယ်မှာ အခြေစိုက်တဲ့ တပ်ရင်းတပ်ဖွဲ့မှ အရာရှိ၊ အရာခံများ၊ ပြည်သူများသွားလာရေးအတွက် များစွာ အခက်အခဲကြုံတွေ့နေရပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ နေထိုင်တဲ့ဝန်ထမ်းများအပြင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည်လည်း အခြားဝန်ထမ်းများနည်းတူ ဒုက္ခပေါင်းများစွာ နှင့်ကြုံတွေ့ပြီးမှ နေပြည်တော်ကိုလာရောက်ပြီး အစည်းအဝေးတက်ရောက်နေရပါတယ်။ ကျွန်တော် တို့နည်းတူ အလွန်လှပါတဲ့ နေပြည်တော်ကြီးကို လာရောက်လည်ပတ်လိုတဲ့ ပြည်သူများရှိပြီးတော့ ဘုရားဖူးလိုတဲ့ပြည်သူများလည်းရှိပါတယ်။ ပြည်မမှာရှိတဲ့ပြည်သူများဟာဆိုလို့ရှိရင် နေပြည်တော်ကို အလွယ်တကူလာရောက်နိုင်ပေမယ့် ကျွန်တော်တို့ သံလွင်အရှေ့ခြမ်းမှာရှိတဲ့ ခရီးသည်ပြည်သူများ ဟာ ခရီးလာရောက်ဖို့အတွက် အခက်အခဲတွေ့ပါတယ်။

ကျိုင်းတုံ-တောင်ကြီးကို Express လေအိတ်ကားကြီးတွေမရှိတဲ့အတွက် ကုန်ပစ္စည်းတွေနဲ့ ကျပ်သိပ်နေတဲ့ကားငယ်လေးတွေနဲ့ ကျပ်ကျပ်သိပ်သိပ်လာရတဲ့အတွက်လည်း အခက်အခဲများစွာ ကြုံတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ဝန်ထမ်းများ၊ တပ်မတော်မှအရာရှိ/အရာခံများ၊ ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးရဲ့ ကိုယ်စား နေပြည်တော်-ကျိုင်းတုံ အသွားအပြန်တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် လေယာဉ်ပြေးဆွဲ

**မူကြမ်း**

ပေးနိုင်ခြင်းရှိ/မရှိ သိရှိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။ အကယ်၍ တစ်ပတ်လျှင်တစ်ကြိမ်ပြေးဆွဲပေးနိုင်ခြင်းမရှိဘူးဆိုလို့ရှိရင် မြန်မာအမျိုးသားလေကြောင်းအနေနဲ့ အရှုံးမပေါ်စေရေးအတွက် ကျိုင်းတုံ- ဟဲဟိုး- ရန်ကုန်၊ ရန်ကုန်- ဟဲဟိုး- ကျိုင်းတုံဒီလိုခရီးစဉ်မျိုးမှာ နေပြည်တော်မှာဆင်းမယ့်၊ တက်မယ့် ခရီးသည်မျိုးရှိတဲ့အခါမျိုးမှာဆိုလို့ရှိရင် ကျိုင်းတုံ- ရန်ကုန်၊ ရန်ကုန်- ကျိုင်းတုံနှုန်းထားအတိုင်း ရောင်းချပေးပြီးတော့ ရန်ကုန်- နေပြည်တော်- ဟဲဟိုး- ကျိုင်းတုံ၊ ကျိုင်းတုံ- ဟဲဟိုး- နေပြည်တော်- ရန်ကုန်ခရီးစဉ်များမှာ စီးနင်းလိုက်ပါခွင့်ပြုပြီး နေပြည်တော်- ဇလာလေဆိပ်မှာ တက်ရောက်စီးနင်းခွင့် ဆင်းသက်ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိနှင့် ရန်ကုန်- မန္တလေး- ကျိုင်းတုံ၊ ကျိုင်းတုံ- မန္တလေး- နေပြည်တော် ခရီးစဉ်များမှာ ကျိုင်းတုံ- ရန်ကုန်၊ ရန်ကုန်- ကျိုင်းတုံ လေယာဉ်နှုန်းထားအတိုင်း နေပြည်တော်ဆင်းမယ့်ခရီးသည်ကို ရောင်းချပေးပြီးတော့ ၎င်းခရီးစဉ်မှာလိုက်ပါပြီး နေပြည်တော်မှာဆင်းခွင့်၊ တက်ရောက်စီးနင်းခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုတဲ့အတွက် လေးစားစွာဖြင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်မေးမြန်းထားတဲ့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှာ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၊ တပ်မတော်မှအရာရှိ/အရာခံများ၊ လွှတ်တော်ကိုယ်စားလှယ်များ ပြည်သူများ၏ဆန္ဒအရ နေပြည်တော်-ကျိုင်းတုံအသွားအပြန်ခရီးစဉ်ကို တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် ပြေးဆွဲပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုခြင်းနှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ဖြေကြားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ပြည်တွင်းခရီးစဉ်များပျံသန်းပြေးဆွဲလျက်ရှိတဲ့ နိုင်ငံတော်ပိုင်လေကြောင်းလိုင်းတစ်လိုင်းနှင့် ပုဂ္ဂလိကလေကြောင်းလိုင်း ၉ လိုင်း စုစုပေါင်း ၁၀ လိုင်းရှိပါတယ်။ လေကြောင်းလိုင်းများဟာဆိုရင် အဓိအားဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုအခြေပြုပြီး မန္တလေးနှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်များကိုလည်း အခြေပြုပျံသန်းတဲ့ လေကြောင်းလိုင်းများ ရှိပါတယ်ခင်ဗျား။ နိုင်ငံတော်ပိုင် မြန်မာအမျိုးသား

လေကြောင်းလိုင်းအနေဖြင့် ပြည်တွင်းမြို့ ၂၈ မြို့နှင့် စင်ကာပူ၊ ချင်းမိုင်၊ ဘန်ကောက်၊ ဟောင်ကောင် မြို့များသို့ ပြည်ပခရီးစဉ်များကို ပျံသန်းပြေးဆွဲလျက်ရှိပါတယ်။ မြန်မာအမျိုးသားလေကြောင်း အနေဖြင့် စီးပွားရေးဆန်ဆန်ဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီလေကြောင်းလိုင်းအဖြစ် ရပ်တည် နိုင်ရန်ရည်ရွယ်ပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်ပြီးတော့ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ တောင်းခံခြင်းမပြုတော့ဘဲ မိမိဝင်ငွေဖြင့် ရပ်တည်ဆောင်ရွက်လျက်ရှိရာ ယခင်အသုံးပြုတဲ့ Fokker လေယာဉ်ဟောင်းများနေရာမှာ Boeing၊ ATR ကဲ့သို့ ခေတ်မီလေယာဉ်များကို ငှားရမ်းခြင်း၊ ဝယ်ယူခြင်းတို့ပြုလုပ်၍ အစားထိုးခြင်း၊ ATR လေယာဉ်အကြီးစားပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံ တည်ဆောက်ခြင်း စသည့်ရင်းနှီးမြှုပ်နှံမှုများကို လေကြောင်းလိုင်း၏ဝင်ငွေအပြင် ထပ်မံလိုအပ်သည့် ငွေများကို အမေရိကန်နိုင်ငံ GECAS CO.,Ltd ထံမှချေးယူ၍ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက် နေသည့်ကာလဖြစ်ပါတယ်။

ထိုသို့ ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်ထားရတဲ့အတွက် လောလောဆယ်အသုံးစရိတ်များပြီး ဝင်ငွေနှင့်မမျှတသေးပါသဖြင့် စီးပွားရေးအရတွက်ခြေမကိုက်တဲ့ ခရီးသည်များပြေးဆွဲခြင်းမပြုဘဲ ရပ်ဆိုင်းထားရပါတယ်။ ယခင်က နေပြည်တော်-ကျိုင်းတုံခရီးစဉ်ကို ၂၀၁၀ ခုနှစ်ကနေ ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းအထိ တစ်ပတ်လျှင် နှစ်ရက်ပြေးဆွဲပေးခဲ့ပါတယ်။ ၎င်းနေပြည်တော်-ကျိုင်းတုံနှင့် ကျိုင်းတုံ-နေပြည်တော်ခရီးစဉ်မှာ ခရီးသည်ရရှိမှုအနေဖြင့် ၁၀ ဦးမှ ၁၅ ဦး ခန့်သာရရှိပါသဖြင့် ခရီးသည်ရရှိမှုနှင့် ပျံသန်းမှုကုန်ကျစရိတ် ကာမိခြင်းမရှိသည့်အတွက် ရပ်နားခဲ့ရခြင်းဖြစ်ပါတယ်။ အလားတူပုဂ္ဂလိကပိုင်လေကြောင်းလိုင်း ကိုးလိုင်းအနေဖြင့်လည်း စီးပွားရေးအရတွက်ခြေကိုက်မှု မရှိသည့် နေပြည်တော်-ကျိုင်းတုံခရီးစဉ်ကို ပြေးဆွဲနိုင်ခြင်းမရှိကြောင်း ကျွန်တော်တို့ မေးမြန်းပြီးတော့ သိရှိခဲ့ရပါတယ်။ မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် ကျိုင်းတုံမြို့သို့ ခုနလွှတ်တော် ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသလို ရန်ကုန်- ကျိုင်းတုံ တိုက်ရိုက်ခရီးစဉ်ကို တစ်ပတ် သုံးရက်၊ မန္တလေး- ကျိုင်းတုံတိုက်ရိုက်ခရီးစဉ်ကို တစ်ပတ် သုံးရက်၊ ရန်ကုန်- ဟဲဟိုး- ကျိုင်းတုံခရီးစဉ်ကို တစ်ပတ်သုံးရက် အသီးသီးပြေးဆွဲပေးလျက်ရှိပါတယ်။ ဒီမှာဆိုရင်တော့ ကျွန်တော်တို့ ရန်ကုန်က တစ်ဆင့်ဆို မြန်မာအမျိုးသားလေကြောင်းအနေနဲ့ကတော့ ကျွန်တော်တို့ ဝန်ထမ်းတွေကို ဥပမာ အားဖြင့် ရန်ကုန်- နေပြည်တော်ခရီးစဉ်အတွက် လေယာဉ်ခကို ပုံမှန်အားဖြင့် ၇၈၀၀၀ ကောက်တဲ့ နှုန်းထားကို ဝန်ထမ်းများအတွက်ကို ကျွန်တော်တို့ ဝန်ထမ်းအထူးနှုန်း ၄၀၀၀၀ နဲ့ ပျံသန်းပေးလျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားသည့် နေပြည်တော်-

**မူကြမ်း**

ကျိုင်းတုံအသွားအပြန်လေယာဉ်ခရီးစဉ်ကို ပြည်တွင်းလေကြောင်းလိုင်းများအနေနဲ့ ပြေးဆွဲနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ဖြည့်စွက်၍ ပြောလိုချင်တာ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောကြားသွားတဲ့ ဒီရန်ကုန်- ဟဲဟိုး၊ ရန်ကုန်- မန္တလေး- ကျိုင်းတုံသွားတဲ့ ကျွန်တော်တို့နေပြည်တော်ကို ဆင်းသက်ခြင်းရှိ/မရှိကတော့ ဒီက မြန်မာအမျိုးသား လေကြောင်းလိုင်းအနေနဲ့ စီးပွားရေးဆန်းစစ်လေ့လာမှုများကို ပြုလုပ်ပြီးမှ သိရှိနိုင်မှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

**ဆော့လော်မြို့ပေါ်၌ GSM-MPT ဖုန်းလိုင်း၊ ဟန်းကောကျေးရွာအုပ်စုအတွင်းနှင့် WCDMA-MPT ဖုန်းလိုင်းတာဝါတိုင်၊ လန်ဆယ်ကျေးရွာအုပ်စုအတွင်း WCDMA-MPT ဖုန်းလိုင်းတာဝါတိုင်များ တပ်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလာမာလေး(ဆော့လော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလိုသည်မှာ မိမိရဲ့မဲဆန္ဒနယ်မြေဖြစ်သော ဆော့လော်မြို့နယ်သည် ဆက်သွယ်ရေးစနစ်ဖုန်းလိုင်း မကောင်းမွန်ခြင်း၊ လမ်းမကောင်း၍ ကုန်စည် ပို့ဆောင်ရေးခက်ခဲခြင်းတို့ကြောင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအလွန်နောက်ကျလျက်ရှိနေပါတယ်။ ဆော့လော်မြို့နယ်မှာ တရုတ်ပြည်နှင့်ထိစပ်လျက်ရှိသည့် နယ်စပ်မြို့ဖြစ်တဲ့အပြင် တောင်ကုန်း၊ တောင်တန်းထူထပ်ပေါမျာသည့် တောင်ပေါ်မြို့လေးလည်း ဖြစ်ပါတယ်။ အကျယ်အဝန်းမှာ ၁၃၅၅ စတုရန်းမိုင်ကျယ်ဝန်းပြီး လူဦးရေစုစုပေါင်း ၇၀၀၀ ကျော် နေထိုင်လျက်ရှိပါတယ်။ ဆော့လော်မြို့နယ် တစ်ခုလုံးတွင် ကျေးရွာအုပ်စုပေါင်း ၂၅ အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၅၇ ရွာရှိသော်လည်း ဆော့လော် မြို့ပေါ် မြို့မရပ်ကွက်တစ်ခု၌သာ CDMA-MPT ကမ်းရိုးတန်း ဖုန်းလိုင်းတစ်ခုသာ ရရှိတာဖြစ်ပါတယ်။ မြို့နယ်အတွင်းရှိ အခြားကျေးရွာအုပ်စု၊ ကျေးရွာများသို့ ဖုန်းလိုင်းများယခုအချိန်အထိမရရှိသေးပေ။ ဆော့လော်မြို့ပေါ်၌ ယခုလက်ရှိအသုံးပြုနေတဲ့ ဆက်သွယ် ရေးစက်ပစ္စည်းမှာလည်း ဟောင်းနွမ်းကာ

ဖုန်းလိုင်းများမမိတစ်ချက်မိတစ်ချက်ဖြစ်ကာ ခေါ်ဆိုလိုက်တိုင်း လူကြီးမင်းနှင့်သာတွေ့နေရတာ ဖြစ်ပါတယ်။

ယခုအချိန် ဆော့လော်မြို့နယ်အတွင်းရှိ မိဘပြည်သူအများစုမှာ တရုတ်ပြည်မှထုတ်လုပ်တဲ့ ဂြိုဟ်တုဖုန်းတွေကိုသာ အသုံးပြုနေကြရပြီး လိုင်းချိတ်ဆက်နေရတာရယ်၊ ရွာတစ်ရွာနှင့်တစ်ရွာ တစ်ဆင့်ပြီးတစ်ဆင့်အပြန်အလှန်ချိတ်ဆက်ဆက်သွယ်နေရလို့ အခက်အခဲများစွာရှိနေပါတယ်။ မိမိရဲ့ နယ်မြေနဲ့ မိမိရဲ့မဲဆန္ဒနယ်ပြည်သူများနှင့် ဖုန်းလိုင်းဆက်သွယ်ရခက်ခဲပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာလည်း အခက်အခဲများစွာကြုံတွေ့နေရပါတယ်။ ထို့အပြင် ဆက်သွယ်ရေးဖုန်းလိုင်း များမကောင်းမွန်ခြင်း၊ မရရှိခြင်း၊ အင်တာနက်ဖုန်းလိုင်းများသုံးစွဲမရရှိခြင်းတို့ကြောင့် ဆော့လော် မြို့နယ်တွင် တရားဥပဒေစိုးမိုးမှုအားနည်းခြင်း၊ ပြည်သူများထံမှ သတင်းအချက်အနက်များ အချိန်နှင့် တစ်ပြေးညီမရရှိခြင်းများ၊ ပြည်သူများအသိပညာဗဟုသုတများရရှိနိုင်မှုအားနည်းနေခြင်းစသည့် အခက်အခဲပြဿနာများစွာ ရင်ဆိုင်ခံစားနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အခု ဒီပုံကတော့ လက်ရှိဆော့လော်မြို့ပေါ် မြို့မရပ်ကွက်မှာသုံးနေတဲ့ ဆက်သွယ်ရေးစက်ပစ္စည်း ဖြစ်ပါတယ်။ ဒီဆက်သွယ်ရေးစက်ပစ္စည်းမှာ ဂျင်မာအဟောင်းစက်အသေးနှစ်လုံးရယ်၊ ဘက်ထရီအိုးအခြောက် အဟောင်းငါးလုံးနဲ့ အသုံးပြုနေတာတွေ့ရပါတယ်။ ဂျင်မာစက်ကလည်း အဟောင်းဖြစ်နေတယ်။ အဆင်မပြေဘူး။ ဒီဘက်ထရီအိုးကလည်း မကောင်းတဲ့အတွက် ဘက်ထရီအိုးလည်းပျက်၊ ဂျင်မာစက် လည်းပျက်သွားတဲ့အချိန်မှာ ဆက်သွယ်ရေးက ခဏခဏလုံးဝပြတ်တောက်သွားတာဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီမြေပုံကတော့ ဆော့လော်မြို့နယ်ရဲ့မြေပုံဖြစ်ပါတယ်။ ကျွန်တော်တို့ အနီရောင် အစက်က ဆော့လော်မြို့မရပ်ကွက်ဖြစ်ပါတယ်။ အပြာရောင်အစက်နှစ်ခုကတော့ ဟန်းကောကျေးရွာ အုပ်စုရယ်၊ လန်ဆယ်ကျေးရွာအုပ်စုရယ်ဖြစ်ပါတယ်။ အစိမ်းရောင်အစက်လေးတွေကတော့ ကျေးရွာ ငယ်လေးတွေဖြစ်ပါတယ်။ လက်ရှိ ဒီအနီရောင်အစက်ဖြစ်တဲ့ ဆော့လော်မြို့ပေါ်ရှိ မြို့မရပ်ကွက်မှာ အသုံးပြုနေတဲ့ ဒီဖုန်းလိုင်းက သူနဲ့နီးစပ်တဲ့ လခံရွာအထိပဲ ဖုန်းလိုင်းရရှိတာဖြစ်ပါတယ်။ လန်ဆယ် ကျေးရွာနဲ့ ဟန်းကောကျေးရွာအုပ်စုတို့မှာ ဖုန်းလိုင်းလုံးဝမရရှိတာဖြစ်ပါတယ်။ တကယ်လို့များ ကျွန်တော်တို့ ဟန်းကောကျေးရွာအုပ်စုမှာရော၊ လန်ဆယ်ကျေးရွာအုပ်စုမှာရော WCDMA ဖုန်းလိုင်း

တာဝါတိုင်များထားပေးခဲ့မယ်ဆိုရင် အနီးပတ်ဝန်းကျင်ရွာများလည်း ဖုန်းလိုင်းတွေကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆော့လော်မြို့နယ် ဖုန်းလိုင်းများအသုံးပြုလာနိုင်ပါက မိဘပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့်အခြားလူမှုကိစ္စရပ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များကျရောက်လာပါကလည်း သက်ဆိုင်ရာဌာနအသီးသီးသို့ လျင်မြန်စွာ သတင်းပို့နိုင်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆော့လော်မြို့ပေါ်၌ GSM-MPT ဖုန်းလိုင်း၊ ဟန်းကောကျေးရွာအုပ်စုနှင့် လန်ဆယ်ကျေးရွာအုပ်စုတို့တွင် WCDMA-MPT ဖုန်းလိုင်းတာဝါတိုင်များ တပ်ဆင်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ယခုဆော့လော်မြို့ပေါ်၌ ဆက်သွယ်သုံးစွဲလျက်ရှိသည့် WCDMA-MPT ဖုန်းလိုင်းအား ပြည်သူများသုံးစွဲမှုပိုမိုအဆင်ပြေနိုင်စေရန်အတွက် တိုးချဲ့စက်ပစ္စည်းအသစ်များ တပ်ဆင်အသုံးပြုပေးနိုင်ခြင်းရှိ/မရှိကို ဆော့လော်မြို့နယ်ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေးရဲ့ ဆော့လော်မြို့ပေါ်၌ GSM-MPT ဖုန်းလိုင်း၊ ဟန်းကောကျေးရွာ အုပ်စုအတွင်း WCDMA-MPT ဖုန်းလိုင်းတာဝါတိုင်၊ လန်ဆယ်ကျေးရွာအုပ်စုအတွင်း WCDMA-MPT ဖုန်းလိုင်းတာဝါတိုင်များတပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ယခုဆော့လော်မြို့ပေါ်၌ ဆက်သွယ်သုံးစွဲလျက်ရှိသော WCDMA-MPT ဖုန်းလိုင်းအား ပြည်သူများသုံးစွဲမှုပိုမိုအဆင်ပြေနိုင်စေရန်အတွက် တိုးချဲ့စက်ပစ္စည်းအသစ်များ တပ်ဆင်အသုံးပြုပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဖြေကြားမှာဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ်အတွင်း CDMA-450 MHz မိုဘိုင်းဆက်သွယ်ရေးစခန်းကို IP Star ဂြိုဟ်တုဆက်သွယ်ရေးစနစ်အသုံးပြု၍ ၂၄-၃-၂၀၁၂ ရက်နေ့တွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ CDMA-450 MHz မိုဘိုင်းဆက်သွယ်ရေးစခန်းရဲ့ အဝေးဆက်သွယ်မှုစနစ်ပိုမိုကောင်းမွန်စေရန်အတွက် လက်ရှိ IP Star ဂြိုဟ်တုဆက်သွယ်ရေးစနစ်မှ Myanmar Satellite ဆက်သွယ်ရေးစနစ်သို့ Migration ကူးပြောင်းခြင်းလုပ်ငန်းအား ၂၀၁၇ ခုနှစ် မတ်လကုန်ခန့်တွင် ပြီးစီးအောင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီအချိန်ကျရင်လည်း ကျွန်တော်တို့ ဆက်သွယ်ရေးကပိုမိုကောင်းမွန်မှာ ဖြစ်ပါတယ်။

ပြီးတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် လက်ရှိ CDMA-450 MHz မိုဘိုင်းဆက်သွယ်ရေးစခန်း အသုံးပြုနေတဲ့ ကြိုးဆိုင်းတာဝါဖြစ်တဲ့ Guy Tower ကတော့ တာဝါတည်ဆောက်ထားရှိမှုနှင့် ကြံ့ခိုင်မှုတို့အရ ကျွန်တော်တို့ GSM စနစ် စက်ပစ္စည်းများနှင့်အင်တာနာတွေ ထပ်မံတပ်ဆင်နိုင်ရန်အတွက် တာဝါလဲလှယ်ခြင်းလုပ်ငန်းပါ ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ဆော့လော်မြို့ပေါ်၌လည်းကောင်း၊ ဟန်းကောကျေးရွာအုပ်စုနှင့် လန်ဆယ်ကျေးရွာအုပ်စုတို့တွင်လည်းကောင်း လောလောဆယ်တွင်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

ထို့အတူ ပြည်ပဆက်သွယ်ရေးအော်ပရေတာများဖြစ်သော တယ်လီနောမြန်မာလီမိတက်နှင့်အော်ရီဒူးမြန်မာလီမိတက်တို့သည်လည်း အဝေးဆက်သွယ်မှုဆက်ကြောင်း ဆက်သွယ်ရန်ခက်ခဲပြီးဝေးလံခေါင်သီ၍ လူဦးရေနည်းပါးသည့်ဒေသများတွင် ဆက်သွယ်ရေးတာဝါတိုင်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါသောကြောင့် ဆော့လော်မြို့ပေါ်၊ ဟန်းကောကျေးရွာအုပ်စုနှင့် လန်ဆယ်ကျေးရွာအုပ်စုတို့တွင်လည်း လောလောဆယ်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

သို့ရာတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှအဆိုပါ ဝေးလံခေါင်သီသောဒေသများတွင် ပြည်သူလူထုအနေနဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုများ ရရှိခံစားနိုင်ရန် ဆက်သွယ်ရေးကွန်ရက်များကို တိုးချဲ့တည်ဆောက်သွားနိုင်ရေးအတွက် ဆက်သွယ်ရေးအော်ပရေတာများမှ ထည့်ဝင်ငွေ (Universal Service Fund) ရန်ပုံငွေရရှိနိုင်မည့်အခြေအနေပေါ်မူတည်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ခန့်မှာ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဦးစားပေးအဆင့်အလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ကျွန်တော်တို့ ဒီမှာ တင်ပြထားတဲ့ ဒီ Universal Service Fund ဆိုတာ လက်ရှိအော်ပရေတာ သုံးခုရှိပါတယ်။ သူတို့က ဆက်သွယ်ရေးကွန်ရက်ကို တိုးချဲ့တဲ့အခါမှာ ကျွန်တော်တို့လူဦးရေးနည်းပါး တဲ့ဒေသတွေကျတော့ စီးပွားရေးတွက်ခြေမကိုက်တဲ့အတွက်ကို သူတို့က လူဦးရေများတဲ့နေရာတွေသာ ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ဒီလိုရန်ပုံငွေထူထောင်တဲ့နေရာမှာ အော်ပရေတာ တွေအားလုံးက သူတို့အသီးသီးရန်ပုံငွေထည့်ဝင်ရမှာဖြစ်ပါတယ်။ ဒီရန်ပုံငွေထူထောင်ပြီးတဲ့အခါ ကျရင် ဒီရန်ပုံငွေထဲကနေပြီး ဝေးလံခေါင်သီလူနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ကျွန်တော်တို့က နေရာတိုင်း ဝေးလံခေါင်သီတဲ့နေရာတွေအားလုံးကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ အခုနောက်ဆုံး စတုတ္ထအော်ပရေတာဖြစ်တဲ့ ဒီ Mytel ကုမ္ပဏီအနေနဲ့ကလည်း ယခု စပြီးတော့ Business Plan တွေစတင်လုပ်ရေးဆွဲနေပါတယ်။ ကျွန်တော်တို့သိရှိရတာတော့ ကျွန်တော်တို့အနေနဲ့ကတော့ ဒီဝေးလံခေါင်သီပြီးတော့ လူဦးရေနည်းပါးတဲ့နေရာတွေကို ဦးစားပေး ဆောင်ရွက်မှာဖြစ်ကြောင်း သိရှိရကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးဝင်းအောင်၊ မိုးမောက်မဲဆန္ဒနယ်က မြန်မာနိုင်ငံအတွင်းရှိ ထီထိုးသူပြည်သူလူထုများ အဆင်ပြေ စေရန်၊ ဆင်းရဲမွဲတေမှုပပျောက်ရေးနှင့် မှုခင်းလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေသော အောင်ဘာလေထီရောင်းရငွေ၏အခွန် ၄၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအား အောင်ဘာလေသိန်းထီဆုအဖြစ် ထည့်သွင်းပေးပြီး ထီရောင်းရငွေမှ အခွန်ငွေ ၃၀ ရာခိုင်နှုန်းသာ ကောက်ခံသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးဝင်းအောင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းအောင်(မိုးမောက်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး ကာယစိတ္တနှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းပို့သပြီး မင်္ဂလာပါလို့ နှုတ်ခွန်း

**မူကြမ်း**

ဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းရှိ ထီထိုးသူပြည်သူအများ အဆင်ပြေရန် ရည်ရွယ်၍ ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုများနှင့် တိုင်းရင်းသားအများစုဟာ လူနေမှုအဆင့်နိမ့်ကျ၍ ဆင်းရဲသားပြည်သူများဖြစ်ကြပါတယ်။ အဲဒီလို ဆင်းရဲတွင်းထဲက ထွက်နိုင်ဖို့ တစ်နေကုန်တစ်နေခန်း အလုပ်လုပ်နေရပါသော်လည်း ရလာတဲ့လုပ်အားခတွေဟာ ချမ်းသာဖို့မဆိုထားနှင့်၊ စားဝတ်နေရေးပြေလည်အောင် ဖြေရှင်းဖို့ပင် အနိုင်နိုင်ပင်ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဆင်းရဲသားပြည်သူများဖြစ်ကြတဲ့ လက်လုပ်လက်စားအများစုဟာ ရေနစ်သူအတွက် အားကိုးအားထားရာ ကောက်ရိုးတစ်မျှင်ကဲ့သို့ ကံစမ်းပြီး ထီထိုးနေကြခြင်းဖြစ်ပါတယ်။ အစိုးရဌာနများတွင် အလုပ်လုပ်နေကြသော ပြည်သူ့ဝန်ထမ်းအများစုဟာလည်း အောင်ဘာလေထီထိုးကြကြောင်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။ လူချမ်းသာအနည်းစုသာလျှင် ထီထိုးကြခြင်းဖြစ်ပါတယ်။ သို့ပေမဲ့ တစ်လကုန်ပြီးတစ်လ မျှော်သာမျှော် ပေါ်မလာဆိုသည့်အတိုင်း ထီပေါက်စဉ်မှာ ကိုယ်ထိုးထားတဲ့ ထီနံပါတ်ပါမလာတာကို ထီထိုးကြတဲ့ပြည်သူများကြုံတွေ့နေကြတာကို မြင်တွေ့ရပါတယ်။ ထီထိုးခြင်းဟာ ကံစမ်းခြင်းသာဖြစ်တဲ့အတွက် ထီပေါက်ခြင်းက အလွန်ပင်ဝမ်းသာမည်ဖြစ်သော်လည်း ထီမပေါက်ပါကလည်း မည်သူမှ ဝမ်းနည်းနေမည်မဟုတ်ပါခင်ဗျား။ သို့သော်လည်း ထီပေါက်ခြင်းသည် ထီထိုးမှ ဖြစ်မည်ဆိုတဲ့အတိုင်း ထီပေါက်ချင်သောကြောင့် ထီထိုးနေကြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာရှိတဲ့ ထီစနစ်ကဆိုရင် ထီထိုးသူများအတွက် အဆင်မပြေဘဲ ထီကုန်သည်များသာလျှင် ချမ်းသာပြီး ချမ်းသာနေတဲ့စနစ် ဖြစ်ကြောင်းလည်းတွေ့ရှိရပါတယ်ခင်ဗျား။ အောင်ဘာလေသိန်းထီဌာနမှ ရရှိတဲ့ထီခွန်ကို လေ့လာကြည့်ရင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ ခြောက်လမှာ အောင်ဘာလေသိန်းဆုထီလက်မှတ် ရောင်းရငွေ အခွန်ရရှိမှုမှာ ကျပ် ၁၃.၃၈၃ ဘီလီယံရရှိကြောင်း သိရှိရပါတယ်။ တစ်နှစ်လုံးအနေဖြင့် မြန်မာနိုင်ငံအောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ်၂၈ ဘီလီယံကို နှစ်စဉ်နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ရှာဖွေပေးနိုင်ပါတယ်ခင်ဗျား။ တစ်လလျှင် ပျမ်းမျှနိုင်ငံတော်ကို နှစ်ဘီလီယံကျော် အောင်ဘာလေသိန်းဆုထီလက်မှတ်ရောင်းရငွေမှ အခွန်ငွေရရှိနေပါတယ်။ အောင်ဘာလေထီလက်မှတ်တစ်စောင်ရောင်းရငွေ၏ ၄၀ ရာခိုင်နှုန်းကို အခွန်ကောက်ခံနေခြင်းဖြစ်ပါတယ်ခင်ဗျား။ အောင်ဘာလေထီထိုးသူထံမှ အခွန်ကောက်ခံခြင်းဟာ ထီထိုးသူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်သလို နိုင်ငံတော်က ရရှိတဲ့

အောင်ဘာလေထီခွန်မှာလည်း နိုင်ငံတော်ရရှိသော အခွန်ငွေစုစုပေါင်းနှင့်ယှဉ်လျှင် ပြောပြလောက် မည်မဟုတ်ပါခင်ဗျား။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အောင်ဘာလေဌာနမှရရှိသောထီခွန်ဟာ နိုင်ငံတော်မှရရှိသော အခွန်ငွေစုစုပေါင်းရဲ့ ၀.၁ ရာခိုင်နှုန်း ဖြစ်ပါတယ်။

ရှိသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အောင်ဘာလေထီမှ ကောက်ခံရရှိသောထီခွန်ဟာ ထီထိုးသူများအတွက် ရေနစ်သူ ဝါးကူထိုးသလို ဖြစ်နေပါတယ်။ ထီရောင်းရငွေ၏ ၄၀ ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် အခွန်ကောက်ခံနေခြင်းဟာ ဗြိတိသျှကိုလိုနီခေတ်နှင့် ဂျပန်ခေတ်ကပင် စတင်ခဲ့ခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ကိုလိုနီခေတ်ကစတင်ခဲ့သော ထီရောင်းရငွေ၏ ၄၀ ရာခိုင်နှုန်းအား အခွန်အဖြစ်ကောက်ခံနေခြင်းဟာ ယနေ့ ဒီမိုကရေစီခေတ်နှင့် လိုက်လျောညီထွေခြင်းရှိမည်မဟုတ်တော့ပါခင်ဗျား။ ဒါကြောင့် အောင်ဘာလေထီရောင်းရငွေ၏ ၄၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအား အောင်ဘာလေထီဆုအဖြစ် ထည့်သွင်းသင့်ပါတယ်ခင်ဗျား။ တစ်လမှာ အောင်ဘာလေထီရောင်းရငွေ၏ ၁၀ ရာခိုင်နှုန်းအခွန်ဟာ ကျပ်သိန်း ၅၀၀၀ ကျော်ခန့် ရှိပါတယ်ခင်ဗျား။ ထိုကျပ်သိန်း ၅၀၀၀ အား ကျပ်သိန်း ၁၀၀ ဆု ၅၀ ဆု အဖြစ် အောင်ဘာလေသိန်းထီဆုတွင် ထည့်သွင်းလိုက်မည်ဆိုပါက ထီပေါက်သူဦးရေ ၅၀ ဦး ထပ်တိုးသွားမှာဖြစ်ပြီး မြန်မာနိုင်ငံရှိ ထီထိုးသူဆင်းရဲသားပြည်သူ ၅၀ ခန့် စားဝတ်နေရေးပြေလည်သွားမည် ဖြစ်ပါတယ်။ ဆင်းရဲမွဲတေမှုပပျောက်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အကူအညီပေးလိမ့်မည်လို့ ယုံကြည်မိတဲ့အပြင် တရားမဝင်ချဲထီ၊ နှစ်လုံးထီအစရှိတဲ့ လောင်းကစားမှုများ၊ မှုခင်းများလည်း လျော့ကျသွားနိုင်ပါတယ်။ သိန်း ၁၀၀ ဆိုတဲ့ငွေဟာ ကျွန်တော်တို့နယ်မှာဆိုရင် အိမ်တစ်လုံးဝယ်နိုင်တဲ့ အခြေအနေရှိပြီး ရန်ကုန်မှာဆိုရင်လည်း ကိုယ်ပိုင်တက္ကစီလေးထောင်နိုင်တဲ့ အခြေအနေဖြစ်သွားနိုင်ပါတယ်ခင်ဗျား။

ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာဘုရင်တစ်ပါးလက်ထက်က ထီရောင်းရငွေမှ အခွန်ကောက်ခံနေခြင်းကြောင့် ထီထိုးသူဆင်းရဲသားပြည်သူများ အကြွေးထူပေါလာခြင်းကို မှတ်သားရမိပါတယ်။ တိုင်းသူပြည်သားများ အဆင်ပြေရန် ဖွင့်လှစ်ပေးသောထီကြောင့် အဆင်ပြေလာသူမရှိဘဲ အကြွေးတင်နေကြ၍ ဘုရင့်ဘဏ္ဍာမှ ဘဏ္ဍာငွေထုတ်ယူပြီး အကြွေးဆပ်ပေးခဲ့ရဖူးပါတယ်။ ဒါကြောင့် အကြွေးတင်ရှင်ဘုရင်ဆပ် ဆိုတဲ့ စကားရပ်ပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။ သို့ပေမဲ့ ထိုဘုရင်လက်ထက်က ထီရောင်းရငွေ၏ ကောက်ခံသောအခွန်မှာ ၂၀ ရာခိုင်နှုန်းသာဖြစ်ပါတယ်။ ထိုသို့ ၂၀ ရာခိုင်နှုန်းကောက်ခံသောထီပင်

လျှင် ထီထိုးသူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်သဖြင့် အောင်ဘာလေထီကို ၄၀ ရာခိုင်နှုန်းအား ပြန်လည်စဉ်းစားသုံးသပ်စေလိုပါတယ်။ ကျွန်တော်တို့ နိုင်ငံကျော်တေးထပ်ဆရာကြီး အချုပ်တန်းဆရာဖေပင်လျှင် ထီထိုး၍ အကြွေးတင်သောကြောင့် အကြွေးဆပ်လိုတဲ့ တေးထပ်စပ်ဆိုခဲ့ပါတယ်။ မင်းတုန်းမင်းနဲ့ လင်ပန်းမိဖုရားက ဖွားမြင်တဲ့ စလင်းမိဖုရားထံ ထီရှုံးသောတေးထပ်လေးစပ်ဆိုတဲ့တေးမှ ဒုက္ခိတဆွေးဇာတ်ဖော်တဲ့ ကြွေးဆပ်တော်မိုးဘုရားလေးဆိုတဲ့ အဆုံးသတ်အပိုဒ်လေးကို တင်ပြလိုက်ပါတယ်။ အချုပ်တန်းဆရာဖေကိုယ်တိုင် ဒုက္ခိတသဖွယ် ဆွေးမြည့်ခံစားရပြီး အိမ်ထဲက အိမ်ပြင်မထွက်နိုင်တဲ့ အကြွေးတင်သောကြောင့် ဒုက္ခကြီးကို ခံစားခဲ့ရဖူးပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထီဖွင့်ရခြင်းရဲ့ ရည်ရွယ်ချက်ကိုတင်ပြရရင် ပြည်သူများအနေဖြင့် စားဝတ်နေရေးအဆင်ပြေရေးနှင့် အကောက်ခံရခက်ခဲသောအခွန်များအတွက် အောင်ဘာလေထီမှ ထီလက်မှတ်ရောင်းရငွေအခွန်ကောက်ခံနေခြင်းဖြစ်ပါတယ်။ အခုအခြေအနေမှာ အခွန်ကိုတင်ပြရသော ဖုန်းငွေဖြည့်ကတ်မှ ရသောအခွန်၊ ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အိမ်ခွန်အစရှိသောအခွန်များဟာ ယခုဒီမိုကရေစီအစိုးရများလက်ထက်တွင် အပြည့်အဝမဟုတ်သော်လည်း အတန်အသင့်ကောက်ယူရရှိလာပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ရာခိုင်နှုန်းနှင့်တွက်လျှင် အခွန်ငွေစုစုပေါင်း၏ ၀.၀၂၅ ရာခိုင်နှုန်းသာလျှင် ကျွန်တော် ၁၀ ရာခိုင်နှုန်းကို ဆုအဖြစ်တိုးစေခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခန်း(၁) ပုဒ်မ ၃၆ ပုဒ်မခွဲ(ဂ)မှာ နိုင်ငံတော်သည်အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်းမြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှုရမည်လို့လည်း ပါရှိပါတယ်ခင်ဗျား။ ဒါကြောင့်မို့ မြန်မာနိုင်ငံအတွင်းရှိ ထီထိုးသူပြည်သူများ အဆင်ပြေစေရန်၊ ဆင်းရဲမွဲတေမှုပပျောက်ရန် နှင့် မှုခင်းလျော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသော အောင်ဘာလေထီရောင်းရငွေ၏ အခွန် ၄၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအား အောင်ဘာလေသိန်းထီဆုအဖြစ် ထည့်သွင်းပေးပြီး ထီရောင်းရငွေ၏ ၃၀ ရာခိုင်နှုန်းသာ အခွန်ကောက်ခံသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းအောင်တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးသန်းလင်းလင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း ဖြစ်ပါတယ်။ မိုးမောက် မဲဆန္ဒနယ်မှ ဦးဝင်းအောင် တင်သွင်းတဲ့အဆိုဟာ မြန်မာနိုင်ငံအတွင်းရှိ ထီထိုးသူ ပြည်သူလူထုများ အဆင်ပြေစေရန်၊ ဆင်းရဲမွဲတေမှု ပပျောက်ရေးနှင့် မှုခင်းလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသော အောင်ဘာလေထီရောင်းရငွေ၏ အခွန် ၄၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း အား အောင်ဘာလေသိန်းထီဆုအဖြစ် ထည့်သွင်းပေးပြီး ထီရောင်းရငွေမှ အခွန်ငွေ ၃၀ ရာခိုင်နှုန်း သာ ကောက်ခံသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံသွားမှာဖြစ်ပါတယ်။

ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ပြောသလို ကျွန်တော်တို့နိုင်ငံမှာ ထီထိုးသူ အများစုဟာ ဆင်းရဲသားပြည်သူများဖြစ်ပါတယ်။ ထီတစ်စောင်ရဲ့တန်ဖိုးဟာ ကျပ် ၂၀၀ ဖြစ်ပေမဲ့ လက်တွေ့မှာတော့ ကျပ် ၃၀၀ မှ ကျပ် ၅၀၀ ခန့်အထိ ပေးဝယ်၍ ထီထိုးနေရပါတယ်။ နောက်ပိုင်းတွင် ထီတစ်စောင်ကို ကျပ် ၅၀၀ နှုန်းဖြင့် အောင်ဘာလေထီဖွင့်မယ်လို့ ကြားသိရပါတယ်။ ကျပ် ၅၀၀ တန် ထီလက်မှတ်မပေါ်သေးသော်လည်း ထီလုပ်ငန်းလုပ်ကိုင်မည့် ထီကုန်သည်တွေ ရိုက်နှိပ်ရမယ့် ထီလက်မှတ်ဟာ မြန်မာပြည်သူလူထုဦးရေ သန်း ၅၀ ထက်ပင် ကျော်လွန်နေတယ်လို့ ကြားသိရပါတယ်။ အောင်ဘာလေထီလက်မှတ်နှင့် ထီကုန်သည်တွေ ရောင်းချမည့်ထီလက်မှတ်ဈေးနှုန်းတွေကို မထိန်းချုပ်နိုင်ဘူးဆိုရင် ထီဆုတွေဟာ ဘယ်လောက်ပဲတိုးလာပါစေ ပြည်သူလူထုအတွက် အဆင်ပြေမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ငယ်ငယ်ကဆိုရင် နှစ်ကျပ်တန်ထီလက်မှတ်ကို နှစ်ကျပ်သာ ပေးဝယ်၍ ထီထိုးရပါတယ်။ ဒီလို အခြေအနေမျိုးပြန်ဖြစ်ဖို့ ပြန်လည်ထိန်းသိမ်းဖို့ လိုအပ်ပါပြီ။ ထီပေါက်သွားတဲ့သူဆိုရင် ဘယ်လောက်ပဲပေါက်ပေါက် ပျော်ရွှင်ကြတာပဲဖြစ်ပါတယ်။ ထီဆုများတိုးလာခြင်းဟာ ပြည်သူလူထုအတွက် ဝမ်းသာပျော်ရွှင်နိုင်မယ့်အခွင့်အလမ်းဖြစ်သလို အဆိုရှင်ပြောသလိုမျိုး ဆင်းရဲမွဲတေမှုကိုလည်း တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်မှာဖြစ်ပါတယ်။ လာရောက်မထုတ်ယူတဲ့ ထီပေါက်လက်မှတ်ဆုငွေတွေကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခဲ့သည့်အတွက် နိုင်ငံတော်ဘဏ္ဍာထဲကို ထီလက်မှတ်အခွန်အပြင် ထီဆုငွေအချို့လည်း လစဉ်ဝင်ရောက်နေပါတယ်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားဆိုသလို အကျိုးရှိရှိအသုံးချတတ်တဲ့ သူ့ရဲ့လက်ထဲကို သိန်း ၁၀၀ ကျပ်ရရှိသွား

ပါက ထိုသူအပါအဝင် ထိုသူရဲ့မိသားစုဆွေမျိုးသားချင်းများအတွက် များစွာအထောက်အကူပြုမှာ သေချာလှပါတယ်။ ယခုဆိုလျှင် အထူးကုန်စည်ခွန်ကဲ့သို့ အခွန်အမျိုးအစားသစ်များ စတင်ကောက်ခံမယ်လို့ သိရပါတယ်။ ဒီ့အတွက် အခွန်များတိုးတက်ရရှိလာမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနှင့် အခွန်များတိုးတက်ရရှိလေလေ အောင်ဘာလေထီမှရရှိတဲ့အခွန်ငွေရာခိုင်နှုန်းဟာ နည်းသွားလေလေ ဖြစ်ပါတယ်။ နှမ်းတစ်စေ့တည်းနဲ့ ဆီမဖြစ်ဘူးဆိုတာ မှန်ပါတယ်ခင်ဗျား။ သို့ပေမဲ့ ဆင်းရဲမွဲတေမှု ပပျောက်ရေးဆိုတဲ့ အဆောက်အဦကြီးတစ်ခုအတွက် ဒီအဆိုဟာ အုတ်တစ်ချပ်သဲတစ်ပွင့်ဖြစ်မယ်ဆိုတာ မှားနိုင်မယ်မထင်ပါဘူး။ ဒါကြောင့် ထီလက်မှတ်တန်ဖိုးမှ ၄၀ ရာခိုင်နှုန်းအခွန်ကောက်ခံခြင်းမှာ အလွန်ပင်များပြားတယ်လို့ ထင်မြင်မိပါတယ်။ သို့ဖြစ်၍ အဆိုရှင်၏တင်ပြချက်အတိုင်း အောင်ဘာလေ ထီလက်မှတ်ရောင်းရငွေ အခွန်ငွေ ၄၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအားလျှော့ချ၍ လည်းကောင်း၊ ၁၀ ရာခိုင်နှုန်းအား အောင်ဘာလေထီဆုအဖြစ် သတ်မှတ်ပေးရန်အဆိုအား လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၃ အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးဝင်းအောင်တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ ရှိရင် မတ်တတ်ရပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ထိုင်နိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘောမတူသူရှိတဲ့အတွက် အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ထောက်ခံသူများပါက အဆိုကို လက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ကန့်ကွက်သူများပါက အဆိုကို လက်ခံဆွေးနွေးရန်မရှိကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၃၈ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၀၆ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၂၁ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဦးဝင်းအောင် တင်သွင်းတဲ့ မြန်မာနိုင်ငံအတွင်းရှိ ထီထိုးသူပြည်သူလူထုများ အဆင်ပြေစေရန်၊ ဆင်းရဲမွဲတေမှု ပပျောက်ရေးနှင့် မှုခင်းလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသော အောင်ဘာလေထီရောင်းရငွေ၏အခွန် ၄၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအား အောင်ဘာလေသိန်းထီဆု အဖြစ် ထည့်သွင်းပေးပြီး ထီရောင်းရငွေမှ အခွန်ငွေ ၃၀ ရာခိုင်နှုန်းသာ ကောက်ခံသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးဝင်းအောင်၊ မိုးမောက်မဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၈-၂-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါ့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ၁၁း၁၅ နာရီ အချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် (၇.၂.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ


ဦးခင်ရှိန် (လှိုင်းဘွဲ့ မဲဆန္ဒနယ်)


ဦးကျော်တင် (ဆော မဲဆန္ဒနယ်)


ဦးကံမြင့် (သရက် မဲဆန္ဒနယ်)


ဦးထွန်းထွန်း (ပွင့်ဖြူ မဲဆန္ဒနယ်)


ဦးစတီဖန် (ကျိုင်းတုံ မဲဆန္ဒနယ်)


ဦးလောမာလေး (ဆော့လော် မဲဆန္ဒနယ်)


ဦးဝင်းမောင် (မိုးကောက် မဲဆန္ဒနယ်)


ဦးမောင်မောင်ဝင်း (စီမံကိန်းနှင့် ဘဏ္ဍာရေး ဒုတိယဝန်ကြီး)


ဦးကျော်မျိုး (ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဒုတိယဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်